# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၅)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (2-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဦးညိုစော ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး၊ ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့ကို သီးခြားစီလက်ခံတွေ့ဆုံ



**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် ကျင်းပမည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ယူရီပက်ထရိုဗစ်ချ် ထရုညက်ဖ်နှင့် စက်တင်ဘာ ၁ ရက်

စာမျက်နှာ ၂၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ယူရီပက်ထရိုဗစ်ချ် ထရုညက်ဖ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ရတနာပုံ ယနေ့ဖတ်စရာ**

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း**

စာမျက်နှာ - ၁၈

**တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက် ကျော်လွန်၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၂၃

## ပေါင်းလောင်းရေလှောင်တမံအောက်ဘက်ရှိ ဒေသများ ဘေးကင်းလုံခြုံမှုရှိပြီး ရေကြီးရေလျှံမှုအတွက် စိုးရိမ်ဖွယ်မရှိ

**နေပြည်တော် စက်တင်ဘာ ၁**

အောက်ပေါင်းလောင်း ရေလှောင်တမံသည် လက်ရှိတွင် ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED) ၁၀ ရွက် ဖွင့်ထားပြီး စီးဝင်ရေနှင့် သိုလှောင်ရေကို ဟန်ချက်ညီထိန်းသိမ်းဆောက်ရွက်လျက်ရှိသကဲ့သို့ ပေါင်းလောင်းရေလွှဲဆည်(အဝေရာရေလွှဲဆည်)မှတစ်ဆင့် ရေလမ်းကြောင်းထိန်းညှိဆောင်ရွက်နေခြင်းကြောင့် ရေဝေရေလဲဒေသနှင့် စစ်တောင်းမြစ်တစ်လျှောက်တွင် ထူးကဲသည့် မိုးသည်းထန်စွာရွာသွန်းမှုမရှိပါက ရေကြီးရေလျှံမှုဖြစ်ပေါ်ရန်မရှိကြောင်း သိရသည်။

စာမျက်နှာ ၂၈ ကော်လံ ၄



## ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ် ဘက်ထရီရထားစက်ခေါင်း(BEL)ဖြင့် စတင်ပြေးဆွဲ

**နေပြည်တော် စက်တင်ဘာ ၁**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို ဘက်ထရီရထားစက်ခေါင်းဖြင့် ယနေ့မှစတင်ကာ ပြေးဆွဲလျက်ရှိသည်။

ရထားခရီးစဉ်တွင် လမ်းကြောင်းတစ်လျှောက်ရှိ ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်္ဃန်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေး စသည့် ဘူတာများတွင် ဘူတာစဉ်အတိုင်း ရပ်တန့်ပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၁




## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့်နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ စက်တင်ဘာလအတွင်း အားကောင်းရာမှ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်ပြီး ယခုနှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက်

## အယ်ဒီတာ့အာဘော်

# ထူးချွန်သူများကို ဂုဏ်ပြုချီးမြှောက်မှု ဝမ်းမြောက်ဂုဏ်ယူ

နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ်လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျလှပေသည်။ အတွေးအခေါ်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် ရတနာများပင်ဖြစ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ယခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည် ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူတိုင်း၏ အနာဂတ်အတွက် အရေးပါသော အချိုးအကွေ့တစ်ခုဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှသာ အဆင့်မြင့်တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ခွင့်ရရှိနိုင်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်စာမေးပွဲသည် အဆင့်မြင့်ပညာရေးသို့ ဆက်လက်တက်လှမ်းနိုင်သည့် လှေကားထစ်ပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်မြင်ခဲ့သူများထဲမှ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀၇ ဦးကို ရွှေစင်တစ်ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့သည်။ ယခုကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ပေးသည်မှာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှုရလဒ်များကို မှတ်ကျောက်တင်ဂုဏ်ပြုပေးခြင်းဖြစ်သည့်အပြင် အဆင့်မြင့်ပညာကို ဆက်လက်ထူးချွန်အောင်ကြိုးစားရန် မြှောက်စားအားပေးခြင်းလည်း ဖြစ်ပေသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၃၁ရက်က ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **"ယခုဆုနှင်းသဘင်ခန်းမအတွင်း၌ ရောက်ရှိနေကြသည့် ဆုရ ကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာနှင့် အသိဉာဏ်ပြည့်စုံကြွယ်ဝကြသူများ၊ ရည်မှန်းချက် မြင့်မားကြသူများဖြစ်ကြပြီး ဇွဲလုံ့လဝီရိယနှင့် တစိုက်မတ်မတ်ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ပြင် ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်နှင့် အဆင့်မြင့်ပညာကို အပတ်တကုတ်သင်ယူပြီး ဘဝအောင်မြင်ရေးအတွက် ထူးချွန်ထက်မြက်အောင် ဆက်လက်ကြိုးစားသွားကြလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း"** စသည်ဖြင့် အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်များကို အရည်အသွေးမြင့် ပညာတတ်များဖြစ်စေရန်အတွက် အဘက်ဘက်မှ စေတနာထားဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိသည်ကို လူငယ်များကလည်း ရရှိခဲ့သည့်အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများကို ရရှိခဲ့ခြင်းဖြစ်ပေသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်က ကျောင်းသားလူငယ်တို့၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှောက်ပေးသည်ကို မြင်တွေ့ရသည်မှာ များစွာဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်မိပါကြောင်း ရေးသားလိုက်ရပေသည်။

# ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန္ဒာကျေးရွာအုပ်စု နန္ဒာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက နန္ဒာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေသည့် ချောစုအဖွဲ့၊ ပပဖြိုးအဖွဲ့၊ ကောင်းကင်ကြယ်အဖွဲ့နှင့် ထွန်းအဖွဲ့ လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိလဲ အမှာကုန်တွေ များနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားဆန် တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မြောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေး ပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ကို ကျေးရွာစီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းကော်မတီဝင်များက လေးကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၃၅၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၃၅၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၃၅၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ပြီး လက်ရှိတွင် ပဲကြီးစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲကြီး ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစု စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားပါမယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲကြီးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် ညောင်ပေါကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပေါကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ညောင်ပေါကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညောင်ပေါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၂၃ သိန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ငပုတောမြို့နယ်တွင် ဒေသထွက်မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေ

**ငပုတော စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ဈေးကွက်တွင် ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ ယနေ့ထိ မျှင်ငါးပိများဝယ်ယူမှုကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ မျှင်ငါးပိ တစ်ပိဿာကို ငွေကျပ် ၂၂၅၀၀ ကနေ ၄၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက် မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို စနစ်တကျထုပ်ပိုးပြီး အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါမျှင်ငါးပိများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အနော်ရထာမင်း၏ မြေအလှူ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် မြန်မာကျောက်စာများကို လေ့လာရာတွင် ကျောက်စာအများစုကို ပုဂံခေတ်နှောင်းပိုင်းတွင် ရေးထိုးခဲ့ကြောင်းတွေ့ရှိရမည်ဖြစ်သည်။ ပုဂံခေတ်ထိုး ကျောက်စာများတွင် ကျန်စစ်သားမင်း(၁၀၈၄-၁၁၁၃)နတ်ရွာစံပြီးနောက် ရာဇကုမာရ်မင်းသား ရေးထိုးခဲ့သည့် ကျောက်စာထက်စောသည့် မြန်မာကျောက်စာများကို မတွေ့ရသေးချေ။ ထို့ကြောင့် စာပေ ပညာရှင်များက ရာဇကုမာရ်ကျောက်စာကို ပုဂံခေတ်ထိုး အစောဆုံး မြန်မာကျောက်စာဟု သတ်မှတ်ကြသည်။

သို့ဖြစ်ရာ ပညာရှင်များနှင့် သုတေသီများက မြန်မာစာအရေးအသားသည် ပုဂံခေတ်နှောင်းပိုင်းတွင် စတင်ခဲ့သည်ဟုပင် ယူဆမှုများရှိခဲ့သော်လည်း ထိုယူဆချက်အပေါ်တွင် အငြင်းပွားမှုများရှိခဲ့သည်။

ပုဂံသမိုင်းတွင် အထောက်အထားများ အခိုင်အမာရှိသည့် အနော်ရထာမင်း (၁၀၄၄-၁၀၇၇) လက်ထက်တွင် အုတ်ခွက်စာများကို တွေ့ရှိရသော်လည်း ကျောက်စာအထောက်အထားကိုမူ မတွေ့ရှိရသေးချေ။ သို့သော် အနော်ရထာမင်း နန်းစံနေသည့်ကာလဖြစ်သည့် ခရစ်နှစ် ၁၀၅၉ ခုနှစ်က ပြုလုပ်ခဲ့သည့် အလှူတစ်ခုအကြောင်း ရေးထိုးထားသော နှောင်းခေတ်ထိုး ကျောက်စာတစ်ချပ်ကို ပုဂံတုရင်တောင်ရှိ ကျောက်စာရုံတွင် ထိန်းသိမ်းထားသည်။ ထိုကျောက်စာသည် တုရင်တောင်ပေါ်ရှိ စွယ်တော်စေတီသို့ အနော်ရထာမင်း ယာမြေလှူဒါန်းသည့် မှတ်တမ်းဖြစ်သည်။

**တုရင်တောင်ကျောက်စာတိုင် ရှစ်တိုင်**

ပုဂံမြို့၏အရှေ့တောင်ဘက်တွင်တည်ရှိသည့် တုရင်တောင်သည် သက်စိုးတောင်တန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

တုရင်တောင်ဝန်းကျင် နေရာများဖြစ်သည့် တုရင်တောင်ခြေ မြကန်ဝန်းကျင်၊ တုရင်တောင်၊ ဆိတ်တောင်၊ သိကြားတောင်နှင့် သက်စိုးတောင်ဟူသည့် ပရိဝုဏ်နေရာများတွင် ရှေးဟောင်းကျောက်စာတိုင် ၂၀ ရှိရာ တုရင်တောင်တွင် ကျောက်စာတိုင် ရှစ်တိုင်ကို ထိန်းသိမ်းထားသည်။

တုရင်တောင်ကျောက်စာတိုင် ရှစ်တိုင်သည် ၁၂၁၂ ခုနှစ်တွင် ရေးထိုးသည့် စောရဟန်သိမ်ပြုပြင်တည်ဆောက်မှုကျောက်စာ၊ ၁၂၁၉ ခုနှစ်တွင် ရေးထိုးသည့် တုရင်တောင်ဘုရားအား ဥယျာဉ်နှင့်မြေလှူသည့် မှတ်တမ်းကျောက်စာ၊ ၁၂၂၅ ခုနှစ်တွင်ရေးထိုးသည့် အရည်းငစိုက်သင်၏ ယာနှင့် ကျွန်အလှူမှတ်တမ်းကျောက်စာ၊ ၁၂၂၆ ခုနှစ်တွင်ရေးထိုးသည့် အရည်းငစိုက်သင်၏ ယာနှင့်ကျွန်အလှူ မှတ်တမ်းကျောက်စာ၊ ၁၂၅၆ ခုနှစ်တွင် ရေးထိုးသည့် မိဖုရားအိုပြည့်သင်၏ ဂူဘုရားတည်သည့် မှတ်တမ်းကျောက်စာ၊ ၁၃၆၃ ခုနှစ်က ရေးထိုးခဲ့သည့် တုရင်စွယ်တော်ကျောက်စာ၊ ၁၃၆၃ ခုနှစ်တွင် ရေးထိုးခဲ့သည့် အနော်ရထာမင်း၏ မြေအလှူမှတ်တမ်း ကျောက်စာနှင့် ၁၇၈၅ ခုနှစ်တွင် ဗဒုံမင်း၏ ထပ်ဆင့်အလှူဆင့်ထိုး ကျောက်စာတို့ ဖြစ်သည်။

၎င်းတို့အနက် အနော်ရထာမင်းကြီး၏ မြေအလှူမှတ်တမ်းကျောက်စာသည် တုရင်တောင် ကျောက်စာတိုင်အမှတ်(၄)ဖြစ်သည်။ ထိုကျောက်စာကို ၁၃၆၃ ခုနှစ်တွင် ရေးထိုးခဲ့ရာ ၁၀၅၉ ခုနှစ်က အနော်ရထာမင်းကြီး တုရင်စွယ်တော်ဘုရားကို မြေလှူဒါန်းခဲ့သည့် မှတ်တမ်းအထောက်အထား တစ်ရပ်ဖြစ်သည်။

**တုရင်တောင်နှင့် စွယ်တော်စေတီ**

စွယ်တော်လေးဆူဟုထင်ရှားသည့် စေတီများသည် ပုဂံဘုရင်အနော်ရထာမင်းတည်ခဲ့သည့် စေတီများဖြစ်၍ ဘုရားရှင်၏ စွယ်တော်ပွားများကို ဌာပနာ၍ တည်ထားခဲ့ကြောင်း မြန်မာရာဇဝင်ကျမ်းများက ဖော်ပြကြသည်။ မြေပြန့်ဒေသရှိ စွယ်တော်စေတီနှစ်ဆူဖြစ်သည့် ရွှေစည်းခုံနှင့် လောကနန္ဒာသည် ညောင်ဦးနှင့် ပုဂံတွင်တည်ရှိပြီး တောင်ပေါ်ဒေသရှိ စေတီနှစ်ဆူသည် တုရင်တောင်နှင့် တန့်ကြည့်တောင်ပေါ်တွင် တစ်ဆူစီ တည်ရှိသည်။

သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ)ဘုရင် ပထမ ဝိဇယဗာဟုမင်း(၁၀၅၉-၁၁၁၄)သည် အနော်ရတာမင်းကြီးထံ ပိဋကသုံးပုံနှင့်တကွ ရဟန်းသံဃာတော်များနှင့် ဆင်ဖြူတော်တစ်စီးကို အလှူခံခဲ့သည်။ အနော်ရထာမင်းသည် သီဟိုဠ်ဘုရင်၏ အလှူခံမှုကို ဆောင်ရွက်ပေးခဲ့သဖြင့် သီဟိုဠ်ဘုရင်သည် ကျေးဇူးတုံ့ပြန်သောအားဖြင့် ဓမ္မလက်ဆောင် ဗုဒ္ဓစွယ်တော်ပွားတစ်ဆူကို အနော်ရထာမင်းအား ပေးခဲ့သည်။

အနော်ရထာမင်းသည် ၎င်းစွယ်တော်ပွားကို ရွှေစည်းခုံစေတီတွင် ဌာပနာပြီး စွယ်တော်တစ်ဆူပွား၍ ဆင်ဖြူတော်ပေါ်တင်ကာ အဓိဋ္ဌာန်ဖြင့် စေလွှတ်ခဲ့ရာ ဆင်ဖြူတော်က တန့်ကြည့်တောင်တွင် ဝပ်ခဲ့သည်။ အနော်ရထာမင်းသည် စွယ်တော်တစ်ဆူ ထပ်မံပွား၍ စေလွှတ်ပြန်ရာ ဆင်ဖြူတော်သည် ဧရာဝတီမြစ်ကမ်းအနီးကုန်းမြင့်တွင် ဝပ်ခဲ့သည်။ ထိုမှတစ်ဖန် စွယ်တော်တစ်ဆူ ထပ်မံပွား၍ စေလွှတ်လိုက်သည့် ဆင်ဖြူတော်သည် တုရင်တောင်တွင် ဝပ်သဖြင့် ရွှေစည်းခုံနှင့် ဆင်ဖြူတော်ဝပ်ခဲ့သည့် နောက်ထပ် နေရာသုံးခုတွင် စွယ်တော်စေတီ တစ်ဆူစီကိုတည်ခဲ့ရာ ထိုစေတီများသည် စွယ်တော်လေးဆူဟု ထင်ရှားခဲ့သည်။

အနော်ရထာမင်းသည် တုရင်တောင်စွယ်တော်စေတီကို ဖိနပ်ရှစ်မြှောင့်ခံ၍ လောကနန္ဒာစေတီကဲ့သို့ပင် ခေါင်းလောင်းပုံတည်ခဲ့သည်။ အောက်ခြေတွင် ဆင် ၃၂ ကောင်ခံကာ တည်ခဲ့သည့် မူလစေတီတော်သည် သေးသွယ်၍ အပေါ်သို့ချွန်သွားသည့် ဖောင်းရစ်အဆင့်ဆင့်ပါရှိသည့် ရိုးရှင်းသော ပုံစံဟု ဆိုကြသည်။ သို့သော် မူလစေတီတော်ကို ခေတ်အဆက်ဆက် ပြုပြင်ခဲ့ကြသဖြင့် လက်ရှိ တုရင်တောင်စွယ်တော်စေတီသည် တန့်ကြည့်တောင်စေတီကဲ့သို့ပင် ခေတ်လက်ရာ စေတီအသစ်ဖြစ်နေပြီဖြစ်သည်။ ကျန်စွယ်တော် စေတီနှစ်ဆူဖြစ်သည့် ရွှေစည်းခုံနှင့် လောကနန္ဒာသည် မူလလက်ရာအတိုင်း ကျန်ရှိနေကြသည်။



အနော်ရထာမင်း၏ မြေအလှူကျောက်စာတည်ရှိသည့် တုရင်တောင်ကျောက်စာရုံ။

တုရင်တောင်သည် ပုဂံမြို့မှ အရှေ့တောင်ဘက်သို့ ခြောက်မိုင်ကွာဝေးပြီး ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်းမှ အနောက်ဘက်သို့ နှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ တုရင်တောင်သည် မြောက်ဘက်ရှိ သက်စိုးတောင်နှင့် ဆက်စပ်နေပြီး လွန်ခဲ့သော နှစ် ၂၅ သန်းက ဖြစ်ပေါ်ခဲ့သည့် သဲကျောက်တောင်ဟုဆိုသည်။

တုရင်တောင်ခြေရှိမြကန်ဟောင်းကို တောင်ပေါ်မှ မြင်တွေ့ရသည်။ တုရင်တောင်တန်းနှင့် အနောက်ဘက်တွင် ယှဉ်လျက်ရှိသော တောင်တန်းအနိမ့်တစ်ခုကြားသို့ တုရင်တောင်နှင့်သက်စိုးတောင်များမှ မိုးရေများစီးဆင်းသည်။ ထိုမိုးရေများသည် တောင်ကြား၌ တောင်မှမြောက်သို့ စီးဆင်းသည့် ချောင်းအတွင်းဝင်ရောက်ကြကာ ချောင်းကိုမြောက်ဘက်တွင်တာဖို့၍ မြကန်ကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တုရင်တောင်ခြေသည် မြန်မာတို့၏ နှုတ်ပြောရာဇဝင်တွင်ထင်ရှားသည့် နေရာတစ်ခုဖြစ်ပြီး ဦးပေါင်းကျားနှင့် မြင်းကျားရှင်ဟန်ဆောင်ကာ အလောင်းစည်သူမင်းကြီး အစွမ်းပြခဲ့သည့်နေရာဟု ပြောစမှတ်ရှိခဲ့သကဲ့သို့ ရှင်အရဟံစျာပန ကျင်းပခဲ့သည့်နေရာဟုလည်း ယုံကြည်ကြသည်။

တုရင်ဟူသည့်အမည်ကို တုရင်တောင်စေတီအဝင်ရှိ ကျောက်စာရုံရှိ စောရဟန်ကျောက်စာ၌ "တုရင်တောင်ထက် စောရဟန်သိမ်ပျက်ခဲ့ရကာ" ဟုတွေ့ရှိရသည်။ ထို့အတူ တုရင်တောင်စွယ်တော်စေတီကျောက်စာတွင်"တုရင်တောင်ထက် ငရိုက်သင် ပုထိုးတလုံးလှူသော ယာ ၄ ပယ်"ဟု ဖတ်ရှုရသည်။ တုရင်သည်ပါဠိဝေါဟာရ တုရင်္ဂမှဆင်းသက်လာပြီး မြင်းနှင့်တူသောဟု အဓိပ္ပာယ်ရှိသည်။

**အနော်ရထာမင်း မြေအလှူကျောက်စာ**

ပုဂံဘုရင် အနော်ရထာမင်း (၁၀၄၄-၁၀၇၇) သည် တုရင်တောင်ပေါ်၌ မိမိတည်ခဲ့သည့် စွယ်တော်စေတီကို ဆီမီးဝတ်၊ သင်ပုတ်ဝတ် မပြတ်စေရန် ယာမြေများလှူဒါန်းခဲ့သည်။ ကျောက်စာအရလှူဒါန်းမှုကို သက္ကရာဇ် ၄၂၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက် (၁၀၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်) ကြာသပတေးနေ့တွင် ပြုလုပ်ခဲ့သော်လည်း ကျောက်စာကို လှူဒါန်းမှုပြုအပြီး ၃၀၄ နှစ်အကြာ ၁၃၆၃ နှစ်တွင် သတိုးမင်းဖျားက ရေးထိုးခဲ့သည်။ သတိုးမင်းဖျားသည် အင်းဝကိုတည်ထောင်ပြီး ပထမဆုံး နန်းစိုက်ခဲ့သည့် အင်းဝဘုရင်ဖြစ်သည်။

ကျောက်စာတွင် အနော်ရထာမင်းကြီး အလှူပြုလုပ်ခဲ့သည့် ရက်စွဲကို "သကရစ် ၄၂၀ ၊ ဖ္လကိုန်နှစ်၊ တပေါင်လ္ဆန် ၅ ရက်" ဟု ဦးစွာဖော်ပြထားသည်။ ဆက်လက်၍ တံပြတိတ်(ပုဂံပြည်)ကို အစိုးရသော ဩိတြိဘုဝနာဒိပဝရဓမ္မရာဇာ(အနော်ရထာမင်းကြီး) သည် သာသနာနှစ် ၅၀၀၀ မကုန်သရွေ့ တုရင်စွယ်တော်စေတီကို သင်ပုတ်၊ ဆီမီးမခန်းစိမ့်သောငှာ တောင်ရှေ့ရွာမြောက် ယာမြေကိုလှူဒါန်းကြောင်း ရေးထိုးထားသည်။ အနော်ရထာမင်းသည် ယာမြေနှင့်အတူ ငလက်မည်၊ ငဖုံ၊ ငကုန်း၊ ငကျွံ၊ ငသြောင်ဟူသည့် ကျွန်ငါးယောက်ကို တုရင်တောင်စွယ်တော်စေတီသို့ လှူဒါန်းခဲ့သည်။ ထိုကျွန်များသည် အနော်ရထာမင်းလှူဒါန်းသည့် ယာမြေတွင် အလုပ်လုပ်ကာ စွယ်တော်စေတီကို သင်ပုတ်ဝတ်နှင့်ဆီမီး(ဆွမ်းနှင့်ဆီမီး)ကို မပြတ်လှူဒါန်းရန်ဖြစ်သည်။

ဆင်ဖြူငါးစီးသခင် ငါးစီးရှင်ကျော်စွာ (၁၃၄၂-၁၃၅၁) လက်ထက်တွင် သခင်သံဃာများသည် ထိုမြေများကို ပုဂံသင်ကြီးနှင့် လက်ဝဲသင်ကြီးတို့ ကပေးသောကြောင့် ယူသည်ဟုဆိုကာ ဝတ်လယ်များအဖြစ် သိမ်းယူခဲ့သည်။ ထိုဝတ်လယ်များသည် တုရင်တောင် စွယ်တော်စေတီအတွက် သင်ပုတ်ဝတ်နှင့် ဆီမီးဝတိ ဝတ္ထုကံမြေဖြစ်သည်။ သို့သော် အခွန်တော်သွင်းပါမည်ဟု ရေးထိုးထားရာ ငါးစီးရှင်ကျော်စွာသည် အနော်ရထာမင်းလှူခဲ့သည့် တုရင်တောင်စွယ်တော်စေတီမြေမှ အခွန်ကို နှစ်စဉ်ရရှိမည်ဟု ယူဆရသည်။

သခင်သံဃာများသိမ်းယူခဲ့သည့် အနော်ရထာမင်းလှူခဲ့သော မြေများကိုပြန်လည်သိမ်းယူ၍ တုရင်စွယ်တော်စေတီသို့ ပြန်လည်လှူဒါန်းခဲ့ကြောင်း၊ မြေကိုသိမ်းခဲ့သည့် သံဃာများအတွက် အခြားမြေကို လှူဒါန်းကြောင်း သက္ကရာဇ် ၇၂၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်စွဲဖြင့် ကျောက်စာတွင် ရေးထိုးထားသည်။ ကျောက်စာတွင် ပုဂံ ၁၁ ရွာမှ တုရင်စွယ်တော်စေတီသို့ လှူဒါန်းထားသော ဝတ်လယ်မြေများကိုလည်း ရေးစက်သွန်းချကြောင်းပါရှိသည်။ ထိုရက်သည် ခရစ်နှစ် ၁၃၆၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်ဖြစ်၍ အင်းဝဘုရင်သတိုးမင်းဖျားလက်ထက်ဖြစ်သည်။

ထိုကျောက်စာကို ကမ္ပည်းကျောက်စာဌာနက တွေ့ရှိခဲ့ပြီး ပညာရှင်များက ဖတ်ရှုခဲ့သည်။ အငြိမ်းစား သမိုင်းပါမောက္ခ ဆရာဦးနီတွတ်က ပုဂံခေတ် အနော်ရထာမင်းလက်ထက်က ဖြစ်ရပ်ကို ၃၀၄ ခုနှစ်ကျော် လွန်မှ ရေးထိုးခဲ့သဖြင့် နှောင်းခေတ် ထိုးကျောက်စာဟု သတ်မှတ်ခဲ့ပုံရကြောင်း သုံးသပ်ခဲ့သည်။

အနော်ရထာမင်းကြီး၏ မြေအလှူကျောက်စာသည် စာကြောင်း ၁၈ ကြောင်းပါရှိကာ ခေတ်ကာလကွာခြားချက်ကြောင့် ကျောက်စာရေးထိုးရာတွင် ကျန်ခဲ့သည့် စာလုံးများရှိနိုင်ခဲ့သည်။ ကျောက်စာရေးထိုးသည့် သတိုးမင်းဖျားလက်ထက်၊ ၁၃၆၃ ခုနှစ်တွင် ကျောက်စာရေးထိုးသူသည် လွန်ခဲ့သည့်နှစ် ၃၀၀ ကျော်က ပုဂံခေတ်သုံးစာကို ကောင်းစွာမဖတ်နိုင်သဖြင့် ယခုကျောက်စာတွင် ရေးထိုးသည့် စာလုံးပေါင်းသတ်ပုံသည် ဖတ်ရှုရန်အလွန်ခက်ခဲကြောင်း ရှေးမြန်မာကျောက်စာ လေ့လာချက်စာအုပ်တွင် ဖော်ပြထား သည်။

၎င်းစာလုံးများတွင် ဖုဝနာတျိာ(ဘုဝနာဓိတျာ)၊ ပြွ (ပဝရ)၊ သ္ဆာ ၅၀၀၀ (သာသနာ ၅၀၀၀)၊ ဆာမိမခန် (ဆီမီးမခန်း)၊ တောင် ရှိယ်မ္လစ်ချာ(တောင်ရှေ့မြောက်ဘက်ရှိရွာ)စသည့် စကားလုံးများကို တွေ့ရှိရသည်။

**စာမျက်နှာ ၅ သို့ á**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လွတ်လပ်ခွင့်

\- သင့်လက်မို့ သင့်အကြိုက်ပါ
ဖြန့်ချင်ဖြန့် ဆုပ်ချင်ဆုပ်၊
လုပ်နိုင်သည်သာ၊
သို့သော်ငြား ပြုခိုက်မှာ
ဂရုစိုက်ကာ ဆင်ခြင်သိ၊
တစ်ပါးသူ အကျိုးယုတ်အောင်
လုပ်ခွင့်မရှိ။

\- သင့်နှုတ်မို့ သင့်အကြိုက်ပါ၊
ကြမ်းချင်ကြမ်း ချောချင်ချော
ပြောနိုင်သည်သာ၊
သို့သော်ငြား ပြောခိုက်မှာ
သဘောပိုက်ကာ ဆင်ခြင်သိ၊
တစ်ပါးသူ နားဆိပ်သင့်အောင်
ပြောခွင့်မရှိ။

\- လူအစားစား လူ့အလွှာလွှာ၊
ငါ သင် သူ လူမှန်သမျှ
ဘဝရေးရာ၊
ပြုသင့်သော ထိုအခင်းမှာ
ကိုယ်ချင်းစာ မဂ်လာနှင့်၊
သတိချပ်မမှားအောင်ပ
သိမြတ်တရား အလုနိမိတ်မှန်မှ
ဓမ္မဓိဋ္ဌာန် ခေါ်ဆိုအပ်တဲ့
လူ့လွတ်လပ်ခွင့် ။ ။

**ချစ်စုအောင်**

## မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မြောင်းမြ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧကလျာထား စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ဧက ၅၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ထားတဲ့ အသီးအနှံတွေကလဲ ပိုးမွှားအန္တရာယ် ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာတွေ၊ အခြားပံ့ပိုးမှုတွေကို မစိုက်မီဆောင်ရွက်ပေးခဲ့ပါတယ်။ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲ မသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးရာတွင် ခဝဲသီး၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ တိုင်ထောင်ပဲ စသည့်သီးနှံများကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ဟုမ္မလင်းမြို့နယ် ပုတ်သိုကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**ဟုမ္မလင်း စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုတ်သိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃၁ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟုမ္မလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးရာဌေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုတ်သိုကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေထံမှ သိရသည်။

**ချစ်ဦးကို**

á **စာမျက်နှာ ၄ မှအဆက်**

အနော်ရထာမင်းကြီး မြေလှူကျောက်စာကို ၁၃၆၃ ခုနှစ်တွင် တုရင်တောင်တွင် စိုက်ထူခဲ့သည်။ ၎င်းကျောက်စာသည် တုရင်တောင်၌ ယခုတိုင် ရှိနေဆဲဖြစ်သော်လည်း ၁၇၈၅ ခုနှစ် ၁၉၄၈ ခုနှစ်ထိ အမရပူရဆင်ကြို့ရွှေဂူဘုရား၊ ပုထိုးတော်ကြီးဘုရားနှင့် မန္တလေးနန်းတွင်း ကျောက်စာရုံသို့ ပြောင်းရွှေ့ခဲ့သည်။

၁၉၁၃ ခုနှစ်တွင် ပုထိုးတော်ကြီးဘုရားရှိ ကျောက်စာများကို စာအုပ်ထုတ်ဝေခဲ့ရာ ကျောက်စာဝန် မစ္စတာတော်စိန်ခိုက ၎င်းကျောက်စာကို ထည့်သွင်းပုံနှိပ်ခဲ့သည်။

အနော်ရထာမင်းကြီး၏ တုရင်စွယ်တော်စေတီသို့ ယာမြေအလှူမှတ်တမ်း ကျောက်စာကို ၁၇၈၅ ခုနှစ်တွင် ဆင့်ထိုးကျောက်စာတစ်ချပ်ရေးထိုးခဲ့သည်။ ထိုဆင့်ထိုးကျောက်စာသည် မန္တလေးမြို့ မဟာမုနိကျောက်စာရုံတွင်တည်ရှိ၍ ကျောက်စာတိုင်အမှတ်(၆၁) ဖြစ်သည်။ (ဆင့်ထိုးကျောက်စာသည် မူလရေးထိုးသည့်ကျောက်စာကို ထပ်ဆင့်ရေးထိုးသည့်ကျောက်စာကို ခေါ်ဆိုခြင်းဖြစ်သည်။)

ထိုဆင့်ထိုးကျောက်စာတွင် မူရင်းကျောက်စာ စာသားများကို ဖော်ပြထားပြီး ဆင့်ထိုးကျောက်စာကို မည်သည့်အကြောင်းကြောင့် ရေးထိုးခဲ့ကြောင်း မြေရာဇဝင်မှတ်တမ်းဖြစ်သည့် သမိုင်းလက်စွဲစာကို ထည့်သွင်းဖော်ပြခဲ့သည်။ သို့သော် မြန်မာနိုင်ငံအရပ်ရပ်မှ ကျောက်စာများကို စုစည်းခဲ့သည့် ကုန်းဘောင်ဘုရင်ဗဒုံမင်း(၁၇၈၁-၁၈၁၉)က သမိုင်းလက်စွဲစာသည် ကျောက်စာကဲ့သို့ခိုင်လုံမှုမရှိဘဲ ခေတ်အဆက်ဆက် လိုသလိုရေးခဲ့ခြင်းဖြစ်သည်ဟုယူဆကာ ကျောက်စာနှင့် သမိုင်းလက်စွဲ နှိုင်းယှဉ်လျှင် ကျောက်စာကိုသာ အမှန်ဟုယူရမည်ဟု ဆုံးဖြတ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ တုရင်တောင်စွယ်တော်စေတီသို့ အနော်ရထာမင်း ယာမြေများလှူဒါန်းခဲ့သည့် မှတ်တမ်းသည် ကျောက်စာအထောက်အထားတစ်ရပ်အဖြစ် ယနေ့တိုင်ကျန်ရှိနေခဲ့ပေသည်။

**ကိုးကား**

- **တုရင်တောင်ကျောက်စာတိုင်(၄)**
- **မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ သတ္တမတွဲ (ဒေါ်အုန်းကြည် တည်းဖြတ်)**
- **ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၃)(နီတွတ်)**

# အီရန်ကို စစ်ရေးအရ ထပ်မံတိုက်ခိုက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၁**

အီရန်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်မှုများ ထပ်မံပြုလုပ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၃၁ ရက်တွင်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဩဂုတ် ၃၀ ရက်တွင် တစ်လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နှင့် အီရန်နိုင်ငံတို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်ခိုက်ခဲ့ကြပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က ထိုသို့သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။


လက်ရှိအနေအထားအရ အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခမှာ ပိုမိုတင်းမာသော စစ်ရေးပဋိပက္ခအဖြစ်သို့ ပြန်လည် ရောက်ရှိလာနိုင်သည့် အနေအထားမျိုး မရှိသော်လည်း ထပ်မံတိုက်ခိုက်မှုများကို တုံ့ပြန်ရေးအတွက် ပြင်ဆင်ထားကြောင်း နှစ်ဖက်လုံးက သဘောထားများ ပြသထားသည်။

ဟော်မုဇ်ရေလက်ကြား တစ်လျှောက် ရေကြောင်းသွားလာမှု ပိတ်ပင် နှောင့်ယှက်နေသူများကို တုံ့ပြန်သည့်အနေဖြင့် အီရန်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သည်ဖောက်စ် သတင်းဌာနနှင့် တွေ့ဆုံစဉ် ပြောကြားထားသည်။

ဟော်မုဇ်ရေလက်ကြား ဒေသလာရက်ခ်ကျွန်းပေါ်မှ တစ်ဆင့် ဟော်မုဇ်ရေလက်ကြားအတွင်းသို့ ရေမြုပ်ပိုင်းတပ် ဒုံးကျည်များ ပစ်လွှတ်နေသော အီရန်၏ ဒုံးပစ်လောင်ချာများကို ဩဂုတ် ၃၀ ရက်တွင် တိုက်ခိုက်ခဲ့သည်ဟု အမေရိကန် တပ်မတော်က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကာဂျစ်စတန်နိုင်ငံ ဘစ်ရှက်ခ်မြို့၌ တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ တွေ့ဆုံဆွေးနွေး



**ဘစ်ရှက်ခ် စက်တင်ဘာ ၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့သည် ကာဂျစ်စတန်နိုင်ငံ ဘစ်ရှက်ခ်မြို့၌ ဩဂုတ် ၃၁ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့သည် ဘစ်ရှက်ခ်မြို့၌ ကျင်းပနေသော ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)ထိပ်သီးညီလာခံတွင် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ မဟာဗျူဟာမြောက် ဦးဆောင်မှုနှင့် ပူးပေါင်းကြိုးပမ်းမှုများကြောင့် တရုတ်နှင့်ရုရှားနှစ်နိုင်ငံ ဆက်ဆံရေးမှာ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့သည် တရုတ်နှင့် ရုရှားနှစ်နိုင်ငံလုံးနှင့် သက်ဆိုင်နေသော နိုင်ငံတကာ ကိစ္စရပ်များနှင့် ဒေသတွင်းပြဿနာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တရုတ်အစိုးရ သတင်းမီဒီယာများက ထုတ်ပြန်ထားသည်။

အဆိုပါ ထိပ်သီးညီလာခံကို အက်စ်စီအို ဖွဲ့စည်းတည်ထောင်မှု ၂၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပနေခြင်းဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော အက်စ်စီအိုအဖွဲ့ဝင် ၁၀ နိုင်ငံအပြင် တူကီယဲ၊ ဆော်ဒီအာရေဗျ၊ ကာတာနိုင်ငံတို့သည်လည်း ဆွေးနွေးပွဲမိတ်ဖက်များအဖြစ် ပါဝင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နော်ဝေဘုရင်သစ် ဟာကွန်း-၈ လွှတ်တော်၌ ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထား



**အော့စ်လို စက်တင်ဘာ ၁**

နော်ဝေဘုရင်သစ် ဟာကွန်း-၈ သည် စက်တင်ဘာ ၂ ရက်တွင် လွှတ်တော်၌ နော်ဝေဘုရင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟာကွန်း-၈ ဘုရင်သည် ယခင် နော်ဝေဘုရင် ဩဂုတ် ၂၈ ရက်တွင် ကွယ်လွန်ခဲ့ပြီးနောက် နော်ဝေ ထီးနန်းအရိုက်အရာကို ဆက်ခံမည်ဖြစ်သည်။

ယခင် နော်ဝေဘုရင်သည် ဩဂုတ် ၂၈ ရက်တွင် သွေးအတွင်း ဗက်တီးရီးယား ကူးစက်ရောဂါတစ်မျိုးကြောင့် သက်တော် ၈၉ နှစ်တွင် ကွယ်လွန်ခဲ့သည်။

ယခင်နော်ဝေဘုရင် ဟာရဲလ်သည် နော်ဝေထီးနန်းကို ၁၉၉၁ ခုနှစ်မှစ၍ နှစ်ပေါင်း ၃၀ ကျော် ရယူခဲ့ပြီးနောက် ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ဈာပနအခမ်းအနားကို စက်တင်ဘာ ၉ ရက်တွင် ကျင်းပရန် နော်ဝေအစိုးရကစီစဉ်ထားသည်။

နော်ဝေနိုင်ငံ၌ စည်းမျဉ်းခံဘုရင်စနစ်မှာ လူကြိုက်များနေဆဲဖြစ်ပြီး နော်ဝေပြည်သူ ၇၂ ရာခိုင်နှုန်းတို့က စည်းမျဉ်းခံဘုရင်စနစ်ကို ထောက်ခံထားပြီး ၂၀ ရာခိုင်နှုန်းကသာ သမ္မတနိုင်ငံစနစ်နှင့် အခြားအစိုးရစနစ်များကို ထောက်ခံကြောင်းသိရသည်။

နော်ဝေဘုရင်သစ် ဟာကွန်း-၈ အနေဖြင့် ဘုရင်ရာထူးအတွက် လွှတ်တော်၌ ကျမ်းသစ္စာဆိုရမည်ဖြစ်သော်လည်း နန်းတက်ပွဲကျင်းပမည် မဟုတ်ကြောင်း သိရသည်။

ဘုရင်သစ်များ နန်းတက်ပွဲကျင်းပမှုဓလေ့ကို နော်ဝေအစိုးရက ၁၉၀၈ ခုနှစ်တွင် ပိတ်ပင်ထားကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# မြောက်ကိုရီးယားနှင့် အမေရိကန်တို့ ထိပ်သီးဆွေးနွေးပွဲ အချိန်မရွေးကျင်းပနိုင်ကြောင်း တောင်ကိုရီးယားပြောကြား

**ဆိုးလ် စက်တင်ဘာ ၁**

အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြား ထိပ်သီးဆွေးနွေးပွဲမှာ အချိန်မရွေးကျင်းပနိုင်ခြေရှိကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေး အေဂျင်စီ၏ အဆိုကို ကိုးကား၍ တောင်ကိုရီးယားလွှတ်တော်အမတ် တစ်ဦးက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ယခုနှစ်ကုန်ပိုင်းတွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ်လ အတွင်း ပြောကြားထားသည်။

သမ္မတဒေါ်နယ်ထရမ့်၏ ပြောကြားချက်နှင့်ပတ်သက်၍ နှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲမှာ ဖြစ်လာနိုင်ခြေမရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ထားသည်။

သို့ရာတွင် တောင်ကိုရီးယားထောက်လှမ်းရေး အေဂျင်စီက ရရှိထားသည့်အချက်အလက်များအရ မြောက်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ကြား ထိပ်သီးဆွေးနွေးပွဲမှာ အချိန်မရွေးကျင်းပနိုင်ခြေရှိကြောင်း တောင်ကိုရီးယားလွှတ်တော်အမတ် ယွန်ကန်ယန်းက သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်သမ္မတ ရာထူးကို ပထမဆုံးအကြိမ် ရယူခဲ့စဉ်က မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် သုံးကြိမ်တိုင်တိုင် တွေ့ဆုံ ဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

# အက်ရှ်ဗီးလ်မြို့ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ရုရှားဘဏ္ဍာရေးဝန်ကြီးတက်ရောက်

**အက်ရှ်ဗီးလ် စက်တင်ဘာ ၁**

ဩဂုတ် ၃၁ ရက်တွင် စတင်ကျင်းပခဲ့သောဂျီ-၂၀ အုပ်စုဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ရုရှားဘဏ္ဍာရေးဝန်ကြီး အန်တွန်ဆီလိုနော့ဗ်ကို အမေရိကန်အစိုးရက ဖိတ်ကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နှစ်ရက်ကြာကျင်းပမည့် ဂျီ-၂၀ အုပ်စု ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် အက်ရှ်ဗီးလ်မြို့၌ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။




အဆိုပါဆွေးနွေးပွဲသို့ ရုရှားဘဏ္ဍာရေးဝန်ကြီး အန်တွန်ဆီလိုနော့ဗ် တက်ရောက်လာမှုကြောင့် ဂျီ-၂၀ အုပ်စုဝင် နိုင်ငံအချို့မှ ဘဏ္ဍာရေးဝန်ကြီးများ မကျေမနပ်ဖြစ်ခဲ့ကြောင်း အမေရိကန် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အက်ရှ်ဗီးလ်ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ရုရှားဘဏ္ဍာရေးဝန်ကြီး အန်တွန်ဆီလိုနော့ဗ်သည် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်နှင့်တွေ့ဆုံစဉ် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ဂျီ-၂၀ မူဘောင်များအောက်၌ ဘဏ္ဍာရေးအရ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် ဆွေးနွေးခဲ့ကြောင်း၊ သမ္မတဒေါ်နယ်ထရမ့်၏ ယူကရိန်း ငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားထားကြောင်းသိရသည်။

Ref : RT
Trs : KKO

# စပေ့အိတ်ကုမ္ပဏီက Starship ဒုံးပျံလွှတ်တင်ရန်အတွက် စူပါဟဲဗီးဒုံးပျံ၏ဒုံးအင်ဂျင် ၃၃ လုံးတို့ကို စမ်းသပ်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starship ဒုံးပျံလွှတ်တင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စူပါဟဲဗီးဒုံးပျံ၏ဒုံးအင်ဂျင် ၃၃ လုံးတို့ကို စမ်းသပ်လည်ပတ်ခဲ့ကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စူပါဟဲဗီးဒုံးပျံ၏ ဒုံးအင်ဂျင်များစမ်းသပ်မှုကို ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Starship ဒုံးပျံသည် စူပါဟဲဗီးပင်မဒုံးယာဉ်နှင့် ထိပ်ဖူးအဆင့် ဒုံးယာဉ်တို့ဖြင့် ဖွဲ့စည်းထားသော ဒုံးပျံဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံ၏ ဒုံးအင်ဂျင်ခြောက်လုံးကိုလည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း စတားဘေ့အာကာသစခန်း၌ စမ်းသပ်ခဲ့ပြီးဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starship ဒုံးပျံလွှတ်တင်မှုကို စက်တင်ဘာလလယ်ပိုင်းတွင်ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါမစ်ရှင်တွင် Starship ဒုံးပျံယာဉ်သည် စပေ့အိတ်ကုမ္ပဏီ၏မျိုးဆက်သစ် V-3 စတားလင့် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံများကို လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များသို့ လူသားများစေလွှတ်ရေးအတွက် တည်ဆောက်စမ်းသပ်နေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ကာဘိုဟိုက်ဒရိတ်လျှော့ချထားသည့်ဓာတ်စာများက ပုံစံ-၂ ဆီးချိုရောဂါတားဆီးရာတွင် ထိရောက်နိုင်

**နယူးယောက် စက်တင်ဘာ ၁**

ကာဘိုဟိုက်ဒရိတ် လျှော့ချထားသော ကီတိုဓာတ်စာ(Keto diet)များသည် ပုံစံ-၂ ဆီးချိုရောဂါကိုတားဆီးရာတွင် ပို၍ထိရောက်မှုရှိကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ကာဘိုဟိုက်ဒရိတ် လျှော့ချထားသည့် ဓာတ်စာများသည် အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ ကာဘိုဟိုက်ဒရိတ်လျှော့ချထားသော ဓာတ်စာပုံစံများသည် အကြိုဆီးချို(Prediabetes) လက္ခဏာရှိနေသူများအတွက် ပုံစံ-၂ ဆီးချိုရောဂါကို ကာကွယ်ရေးအတွက် ထိရောက်မှုရှိကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အဝလွန်မှုပြဿနာ အကြိုဆီးချိုပြဿနာနှင့် အသည်းအဆီဖုံးပြဿနာရှိနေသူ ၄၂ ဦးတို့ကို ကီတိုဓာတ်စာ၊ မြေထဲပင်လယ်ဓာတ်စာများကျွေး၍ စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ စမ်းသပ်မှုတွင်ပါဝင်သူများအနက် ကီတိုဓာတ်စာကို စားသုံးသူများသည် စားသုံးပြီး ငါးလအကြာတွင် ပုံစံ- ၂ ဆီးချိုရောဂါဖြစ်ပွားမည့် အလားအလာများ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# နာဆာက နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၁**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် မျိုးဆက်သစ် အာကာသရေဒီယိုတယ်လီစကုပ်ဖြစ်သော နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ဩဂုတ် ၃၁ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုပန် အာကာသရေဒီယိုတယ်လီစကုပ်ကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်ကွန်ဟဲဗီးဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမိနစ် ၃၀ အကြာတွင် နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်သည် ဖယ်ကွန်ဟဲဗီးဒုံးပျံမှ အောင်မြင်စွာ ခွာထွက်နိုင်ခဲ့သည်။

လက်ရှိတွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်တစ်သန်းခန့်ကွာဝေးသော ပတ်လမ်းနေရာသို့ ဆက်လက်ပျံသန်းနေပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။



နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယို တယ်လီစကုပ်အနေဖြင့် အထက်ပါ ပတ်လမ်းနေရာသို့ ရောက်ရှိရေးအတွက် ရက်ပေါင်း ၁၀၀ မျှအချိန်ယူပျံသန်းရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပတ်လမ်းနေရာသို့ ရောက်ရှိချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသ ရေဒီယိုတယ်လီစကုပ်သည် မဟူရာစွမ်းအင်(Dark energy)၊ အာကာသတွင်းနက်များနှင့် အခြားစကြဝဠာ၏ လျှို့ဝှက်ချက်များကို လေ့လာဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ် စူးစမ်းလေ့လာနိုင်သည့် စကြဝဠာနယ်မြေအဝန်းဝိုင်းမှာ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၊ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်များထက် အဆ ၁၀၀ ပိုမြင့်မားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ကိုယ်အလေးချိန်ကို လျှော့ချသော်လည်း အစာစားလိုစိတ်ကို မလျှော့ချနိုင်သည့် ဓာတုဒြပ်ပေါင်းတစ်မျိုး သုတေသနပညာရှင်များတွေ့ရှိ

**နယူးယောက် စက်တင်ဘာ ၁**

ကိုယ်အလေးချိန်ကို လျှော့ချနိုင်သော်လည်း အစာစားလိုစိတ်ကိုမလျှော့ချနိုင်သည့် ဓာတုဒြပ်ပေါင်းတစ်မျိုးကို အမေရိကန် သုတေသန ပညာရှင်များက တွေ့ရှိထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မကြာသေးမီနှစ်များအတွင်း လူသန်းပေါင်းများစွာတို့ သုံးစွဲကြသော Ozempic နှင့် Wegovy ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် အစာစားလိုစိတ်ကို ထိန်းချုပ်ထားခြင်းဖြင့် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်သောဆေးများ ဖြစ်ကြကြောင်း သိရသည်။

အထက်ပါ ဆေးများသည် အော့အန်ခြင်း၊ အာဟာရဓာတ်ချို့တဲ့ခြင်း၊ ကြွက်သားထုဆုံးရှုံးခြင်း စသည့်ဘေးထွက်ဆိုးကျိုးများ ရှိနေတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်သော်လည်း အစာစားလိုစိတ်ကိုလျှော့ပါးစေခြင်းမရှိသော ဓာတုဒြပ်ပေါင်းများကို တွေ့ရှိထားကြောင်း သိရသည်။

ကြွက်များတွင် ပြုလုပ်သည့် စမ်းသပ်မှုရလဒ်များအရ 5-Tetradecyloxy-2 Furoic Acid (TOFA) ခေါ် အဆိုပါဓာတုဒြပ်ပေါင်းသည် ကြွက်များ၏ကိုယ်အလေးချိန်ကို သီတင်းလေးပတ်အတွင်း ၁၄ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# စပိန်သိပ္ပံပညာရှင်များက ကြယ်မရှိသည့် ကြယ်စုအဖြစ်ယူဆရသော ကြယ်စုတစ်စုကို ရှာဖွေတွေ့ရှိ

**မက်ဒရစ် စက်တင်ဘာ ၁**

စပိန်သိပ္ပံပညာရှင်များက ကြယ်မရှိသည့် ကြယ်စုအဖြစ်ယူဆရသောကြယ်စုတစ်ခုကိုရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

အဆိုပါရှာဖွေတွေ့ရှိမှု အခြေအနေကို မှန်ကန်ကြောင်းအတည်ပြုနိုင်ခဲ့ပါက Cloud-9 အမည်ရှိ အဆိုပါကြယ်စုသည် လူ့သမိုင်းတစ်လျှောက်တွေ့ရှိရသော ပထမဆုံး ကြယ်မဲ့ကြယ်စုအဖြစ် စာရင်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Cloud-9 ကြယ်စုသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၄ သန်းအကွာတွင်ရှိသော မက်ဆီရာ-၉၄ အမည်ရှိ ခရုပတ်ခွေကြယ်စုအနီးတွင် တည်ရှိသည်။

Cloud-9 ကြယ်စုအတွင်း ကြယ်များကို ဖွဲ့စည်းတည်ဆောက်ပေးသည့် ဓာတ်ငွေ့နှင့်ဖုန်မှုန့်များစွာ စုစည်းတည်ရှိနေသော်လည်း မျက်မြင်အားဖြင့် ကြယ်မရှိသည့် ကြယ်စုတစ်စုဖြစ်နေကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။


Cloud-9 ကြယ်စုသည် ဒြပ်ထုအားဖြင့် နေထက်အဆတစ်သန်းပိုများသော ဟိုက်ဒရိုဂျင်ဒြပ်ငွေ့တိမ်တိုက်တစ်ခုနှင့် နေဒြပ်ထုထက်အဆ ငါးသန်းပိုများသော မဟူရာဒြပ်စင်(Dark matter)များ ရှိနေသော်လည်း ကြယ်ရောင်ထုတ်လွှတ်မှုမရှိကြောင်း သိရသည်။

စပိန်သုတေသနပညာရှင်များသည် Cloud-9ကြယ်စုကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ရူနင်ယင် ဆွတ်ခူး



**ဘော်စတွန် စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့တွင်ကျင်းပခဲ့သည့် FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တရုတ်ဂေါက်သီးရိုက်မယ် ရူနင်ယင်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း LGPA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ရူနင်ယင်သည် ပြိုင်ပွဲစတင်သည့် နေ့ကတည်းက အကောင်းဆုံးလက်စွမ်းပြကစားခဲ့ပြီး နောက်ဆုံးနေ့အပြီးတွင် သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ခဲ့ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့အပြီး ရူနင်ယင်၏နောက်တွင် ကင်ဟိုဂျီက ၁၂ ချက်လျော့၊ အမေရိကန်ဂေါက်သီးရိုက်မယ်များ ဖြစ်သည့် ကော်ပွက်ဇ်က ၁၁ ချက်လျော့၊ ရိုစ်ဇန်က ၁၀ ချက်လျော့၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်စီယောင်က ၁၀ ချက်လျော့၊ ဂျပန်ဂေါက်သီးရိုက်မယ် ယာမာရှီတာ၊ အမေရိကန်ဂေါက်သီးရိုက်မယ် မက်သရူးတို့က ကိုးချက်စီလျော့ရိုက်ပြီး တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်များဖြစ်သည့် အင်ဂျင်ဟီးနှင့် ဟာရန်ရှုတို့က ရှစ်ချက်စီလျော့ရိုက်ကာ ထိပ်ဆုံး ၁၀ ဦးနေရာတွင် ရပ်တည်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို အမေရိကန်နိုင်ငံ ဘော်စတွန်မြို့တွင် ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်ထိကျင်းပခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးခဲ့သည့် ရူနင်ယင်သည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၆၆၀၀၀၀ ရရှိခဲ့ကြောင်းသိရသည်။

Ref : LGPA

Trs : STA

# ယခုနှစ်ဘောလုံးရာသီ ဥရောပကလပ်အဆင့်သတ်မှတ်ချက်တွင် အာဆင်နယ်အသင်း ထိပ်ဆုံးမှဦးဆောင်

**လန်ဒန် စက်တင်ဘာ ၁**

ယခုနှစ်ဘောလုံးရာသီ ဥရောပကလပ် အဆင့်သတ်မှတ်ချက်တွင် အာဆင်နယ်အသင်းက ထိပ်ဆုံးမှဦးဆောင်ခဲ့ကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ဥရောပအဆင့် သတ်မှတ်ချက်အရ ပြီးခဲ့သည့် ဘောလုံးရာသီက သက်ဆိုင်ရာ လိဂ်ပြိုင်ပွဲအလိုက် စွမ်းဆောင်ရည်များနှင့် ယခုနှစ်ဘောလုံးရာသီအစပိုင်း စွမ်းဆောင်ရည်များကို အခြေခံတွက်ချက်ခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းက ထိပ်ဆုံးမှဦးဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပထမဆုံး ဥရောပကလပ်အဆင့်သတ်မှတ်ချက်၌ လိဂ်နှစ်ပွဲဆက်နိုင်ပွဲ ပျောက်ဆုံးနေသည့် ပီအက်စ်ဂျီအသင်းက အဆင့်(၂)နေရာတွင် ရပ်တည်နေပြီး သုံးပွဲဆက်နိုင်ပွဲရယူခဲ့ကာ ပုံစံကောင်းများပြသနေသည့် ရီးရဲလ်မက်ဒရစ်အသင်းက အဆင့်(၄)နေရာတွင်သာ ရပ်တည်ခဲ့သည်။

ဥရောပကလပ်အဆင့် သတ်မှတ်ချက် ထိပ်ဆုံး ၁၀ သင်းစာရင်း၌ အာဆင်နယ်အသင်းနောက်တွင် ပီအက်စ်ဂျီအသင်းက အဆင့်(၂)၊ ဘာစီလိုနာအသင်းက အဆင့်(၃)၊ ရီးရဲလ်မက်ဒရစ်အသင်းက အဆင့်(၄)၊ ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၅)၊ မန်စီးတီးအသင်းက အဆင့်(၆)၊ အင်တာမီလန်အသင်းကအဆင့်(၇)၊ ချဲလ်ဆီးအသင်းက အဆင့်(၈)၊ အေတီကိုအသင်းက အဆင့်(၉)၊ မန်ယူအသင်းက အဆင့်(၁၀)နေရာတွင် ရပ်တည်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်း လေးသင်းထိ အများဆုံး ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : 365Scores

Trs : STA

# နိုင်ငံတကာဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပရန်စီစဉ်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်း ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ MFF Futsal Stadium ၌ကျင်းပမည်ဖြစ်ပြီး အနုပညာရှင်များဖြစ်ကြသည့် ထွန်းထွန်း၊ သူထူးစံ၊ စိုင်းစည်တွမ်ခမ်း၊ ချာလီ၊ မင်းဘုန်းမြတ်၊ ကျော်ဆု၊ တေဇာကျော်အစရှိသည့် အနုပညာရှင်များပါဝင်ကစားကြမည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ် ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဂီတပညာရှင်ဓီရာမိုရ်၏ ဂီတကဗျာအဖွဲ့နှင့်အတူ တေးသံရှင် နီနီခင်ဇော်တို့၏ ဖျော်ဖြေရေးအစီအစဉ်၊ ယခုနှစ်အတွင်း တောင်ကိုရီးယား နိုင်ငံတွင် ကျင်းပခဲ့သည့် ၁၄ ကြိမ်မြောက် ကမ္ဘာ့ယဉ်ကျေးမှု အကပွဲတော်တွင် Grand Prize ဆုဆွတ်ခူးခဲ့သည့် Azalea Stars အကဖွဲ့တို့၏ ဖျော်ဖြေရေး အစီအစဉ်များကိုပါထည့်သွင်းကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

နိုင်ငံတကာ ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်ထိ ရန်ကုန်မြို့ MFF Futsal Stadium တွင်ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်းကလပ်အသင်း ငါးသင်းဖြစ်သည့် YRG FC အသင်း၊ MIU FC အသင်း၊ M2K FC အသင်း၊ TG United အသင်း၊ YCDC Dream Team အသင်းနှင့်အတူ ပြည်ပကလပ်အသင်းများဖြစ်သည့် Black Pearl United အသင်း၊ Black Steel FC အသင်း၊ Lucky FC အသင်းတို့ ပါဝင်ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များအပြီးတွင် အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား စာရင်းကို ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ကစားသမားနှစ်ဦးထိ ပါဝင်ခဲ့ပြီး နော်တင်ဟမ်အသင်း၊ နယူးကာဆယ်အသင်း၊ မန်ယူအသင်း၊ ဟူးလ်စီးတီးအသင်း၊ ချဲလ်ဆီးအသင်းမှ ကစားသမားတစ်ဦးစီ ပါဝင်ခဲ့ကြသည်။

အဆိုပါ ဆန်ခါတင်ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ချာကီနှင့် ဟာလန်း၊ မန်ယူအသင်းမှ ဖာနန်ဒက်၊ နော်တင်ဟမ်အသင်းမှ ဂစ်ဗ်ုက်၊ နယူးကာဆယ်အသင်းမှ ဂွန်ဇာလက်၊ ချဲလ်ဆီးအသင်းမှ ဂျာအိုပက်ဒရို၊ ဟူးလ်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြသခဲ့သည့် ဂိုးသမားဗိုလာကစ်တို့ ပါဝင်လာခဲ့ကြသည်။

ပြီးခဲ့သည့်ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အတွက် အကောင်းဆုံး ကစားသမားဆုကို ချဲလ်ဆီးအသင်းမှကိုးလ်ပယ်မာက ဆွတ်ခူးခဲ့ပြီး ပွဲစဉ်(၂)အတွက် အကောင်းဆုံးကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမားဖာနန်ဒက်က ဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဥရောပထိပ်တန်းလိဂ် ငါးခုတွင် အသက် ၂၀ မပြည့်မီလိဂ်သွင်းဂိုး ၅၀ ပြည့်မြောက်သည့် ကစားသမားအဖြစ် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်ရပ်တည်

**ဘာစီလိုနာ စက်တင်ဘာ ၁**

ဘာစီလိုနာအသင်း လူငယ်တိုက်စစ်ကစားသမား လမိုင်းယာမယ်သည် ယနေ့နံနက်ပိုင်းက ဘာစီလိုနာအသင်းက ဗယ်လ်ကာနိုအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် စပိန်လာလီဂါပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ဥရောပ ထိပ်တန်းလိဂ်ငါးခုတွင် အသက် ၂၀ မပြည့်မီ လိဂ်သွင်းဂိုး ၅၀ ပြည့်မြောက်သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် လမိုင်းယာမယ်သည် ပွဲချိန် ၂၂ မိနစ်တွင် အသင်းအတွက် ပထမသွင်းဂိုး သွင်းယူခဲ့ပြီးနောက် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် သွင်းဂိုး ၅၀ပြည့်မြောက်ခဲ့ခြင်းဖြစ်ပြီး ပွဲချိန် မိနစ် ၉၀တွင် ဒုတိယသွင်းဂိုး ထပ်မံသွင်းယူခဲ့ကာ လိဂ်သွင်းဂိုး ၅၁ ဂိုးထိရှိလာခဲ့ခြင်းဖြစ်သည်။

လမိုင်းယာမယ်သည် ဘာစီလိုနာအသင်းနှင့် ဗယ်လ်ကာနိုအသင်းတို့ကစားခဲ့သည့် ပွဲစဉ်၌ ၎င်း၏ အသက်မှာ ၁၉ နှစ် ၄၉ ရက်သာ ရှိသေးသည့်အတွက် ဥရောပထိပ်တန်းလိဂ်ငါးခုဖြစ်သည့် စပိန်လာလီဂါပြိုင်ပွဲ၊ ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ၊ အီတလီစီးရီးအေ ပြိုင်ပွဲ၊ ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲစသည့် လိဂ်ငါးခုတွင် အသက် ၂၀ မပြည့်မီ လိဂ်သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့သည့် ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လမိုင်းယာမယ်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူကမ္ဘာ့ဖလား ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက်လည်း ရေပန်းစားနေသူဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းရှိ စီနာဘန်းမီးတောင်ပေါက်ကွဲမှုမှထွက်သော မီးခိုးငွေ့များ အနီးဝန်းကျင်ဒေသများသို့ ပျံ့နှံ့နေ



ဂျကာတာ စက်တင်ဘာ ၁

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် ဩဂုတ် ၃၁ ရက်က စီနာဘန်းမီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ အနီးဝန်းကျင်ဒေသများသို့ မီးတောင်အတွင်းမှ မီးခိုးငွေ့များပျံ့နှံ့နေကြောင်း အင်ဒိုနီးရှား ဘူမိဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီးတောင်အတွင်းမှ မီးခိုးငွေ့များသည် မီးတောင်အထက် မီတာ ၃၅၀၀ ထိပျံ့နှံ့ရောက်ရှိနေပြီး အနီးဝန်းကျင်ဒေသများကို လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သည့် အဆင့်ဖြစ်ကြောင်း၊ မီးတောင်အတွင်းမှ မီးခိုးငွေ့များ ပျံ့နှံ့မှုနှုန်း မြင့်မားခဲ့သော်လည်း မီးတောင်ပေါက်ကွဲမှုကြောင့် အနီးပတ်ဝန်းကျင်တွင် တစ်စုံတစ်ရာပျက်စီးမှု မရှိခဲ့ကြောင်း၊ မီးခိုးငွေ့များမှာလည်း ဆူမတြားကျွန်းသို့ ပြေးဆွဲနေသော လေကြောင်းလိုင်းများကို တစ်စုံတစ်ရာအနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေမျိုး မဟုတ်ကြောင်း၊ မီးတောင်အတွင်းမှထွက်ပေါ်လာသည့် မီးခိုးငွေ့များ အဓိက ပျံ့နှံ့နေသည့်နေရာများမှာ ကာရိုကျေးလက်ဒေသဖြစ်ကြောင်း အင်ဒိုနီးရှား ဘူမိဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"စီနာဘန်းမီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ စတင်ပေါက်ကွဲတဲ့ အခြေအနေဖြစ်တဲ့အတွက် ကြီးကြီးမားမားပေါက်ကွဲတဲ့ဖြစ်စဉ်မျိုးတော့ မဟုတ်ပါဘူး။ မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေထွက်ပြီး မီးတောင်အထက် မီတာ ၃၅၀၀ ထိ ရောက်ရှိပျံ့နှံ့နေပါတယ်။ မီးတောင်အနီးဝန်းကျင်ကောင်းကင်မှာတော့ မီးခိုးငွေ့တွေကြောင့် တိမ်ထူထပ်သလိုဖြစ်နေတယ်။ မီးခိုးငွေ့တွေ အဓိကပျံ့နှံ့နေတဲ့ ကျေးလက်ဒေသကတော့ ကာရိုကျေးလက်ဒေသ ဖြစ်ပါတယ်။ မီးတောင်ပေါက်ကွဲမှုဟာ အန္တရာယ်ရှိတဲ့အဆင့်မျိုး မဟုတ်သေးဘူးဆိုပေမဲ့ အခြေအနေကိုတော့ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်"ဟု အင်ဒိုနီးရှား ဘူမိဗေဒအေဂျင်စီမှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ပြင်သစ်နိုင်ငံ ကန်ညွှန်ဒေသတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် လူတစ်ဦးသေဆုံးကာ ၁၅ ဦး ပျောက်ဆုံးနေ

ပဲရစ် စက်တင်ဘာ ၁

ပြင်သစ်နိုင်ငံ ကန်ညွှန်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သဖြင့် လူတစ်ဦး သေဆုံးကာ ၁၅ ဦး ပျောက်ဆုံးနေကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကန်ညွှန်ဒေသသည် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက်လည်ပတ်လေ့ရှိသည့် ဒေသဖြစ်သည့်အတွက် လူဦးရေထူထပ်သည့် ဒေသဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဒေသခံများအပြင် ကမ္ဘာလှည့်ခရီးသည်များကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပြီး လမ်း၊ တံတားတချို့ ပျက်စီးမှုများရှိခဲ့ကြောင်း၊ သေဆုံးသူမှာ အသက် ၄၆ နှစ်အရွယ် အမျိုးသားဖြစ်ပြီး ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက အင်အားသုံးကာ ရှာဖွေလျက်ရှိကြောင်း၊ ကန်ညွှန်ဒေသရှိ ရေလွှမ်းနေသည့် နေအိမ်များတွင် နေထိုင်သော ဒေသခံ ဦးရေ ၆၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားပြီး ထိုထဲတွင် လာရောက်အနားယူအပန်းဖြေနေသော ကမ္ဘာလှည့်ခရီးသည်များ ပါဝင်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ကန်ညွှန်ဒေသမှာ ဩဂုတ် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီးနောက် ဩဂုတ် ၃၁ ရက်မှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့်လမ်း၊တံတားတချို့ပျက်စီးခဲ့ပြီးတော့ နေအိမ်တချို့ရေလွှမ်းနေပါတယ်။ ရေလွှမ်းနေတဲ့နေအိမ်တွေမှာနေထိုင်တဲ့ ဒေသခံတွေကိုတော့ဘေးလွတ်ရာရွှေ့ပြောင်းပေးထားပါတယ်။ ကမ္ဘာလှည့်ခရီးသည်တချို့ကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရသူ အယောက် ၆၀ ကျော် ရှိပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူတစ်ယောက် ရှိခဲ့ပြီးတော့ ၁၅ ယောက် ပျောက်ဆုံးနေပါတယ်။ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံးရှာဖွေပေးနိုင်ဖို့အတွက် ကယ်ဆယ်ရေးအင်အား သုံးပြီးတော့ ရှာဖွေပေးနေပါတယ်"ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ ဂရန်းကန်ရွန်းအမျိုးသားဥယျာဉ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လူနှစ်ဦးသေဆုံးကာ ဦးရေ ၂၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်

ဝါရှင်တန် စက်တင်ဘာ ၁

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်ရှိ ဂရန်းကန်ရွန်းအမျိုးသားဥယျာဉ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ကာ ဦးရေ ၂၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားဥယျာဉ်ဝန်ဆောင်မှုဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ယခုရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကော်လိုရာဒိုမြစ်ရေမြင့်တက်လာပြီး မြစ်ကြောင်းတစ်လျှောက် ရွံ့ခဲများ၊ ကျောက်တုံးကြီးများ အရှိန်ပြင်းစွာစီးဆင်းခဲ့သဖြင့် လမ်းများ၊ တံတားများနှင့် မြစ်ကမ်းတစ်လျှောက်ရှိ အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။



ရေကြီးမှုဒဏ်ခံခဲ့ရသည့်တောင်တက်လမ်းကြောင်းများနှင့် တည်းခိုရာနေရာများကို ပိတ်ထားပြီး လာရောက်လည်ပတ်သူများအနေဖြင့် ရေကြီးနေသည့်နေရာများမှ ရှောင်ရှားကြရန် အမျိုးသားဥယျာဉ်ဝန်ဆောင်မှုဌာနက သတိပေးထားကြောင်း သိရသည်။

ဂရန်းကန်ရွန်း အမျိုးသားဥယျာဉ်သည် အမေရိကန်နိုင်ငံ၏ လေ့လာလည်ပတ်မှုများသည့် အမျိုးသား ဥယျာဉ်များအနက် တစ်ခုဖြစ်ပြီး တစ်နှစ်လျှင် လာရောက်လေ့လာ လည်ပတ်သူ ၄ ဒသမ ၄ သန်းခန့် ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# နီပေါရေကြီးမှုအပြီး ရေအားလျှပ်စစ် ဥမင်လိုဏ်ခေါင်းများအတွင်း ပိတ်မိနေသူ ရာပေါင်းများစွာကို ရှာဖွေကယ်ဆယ်

ခတ္တမန္ဒူ စက်တင်ဘာ ၁

နီပေါရေကြီးမှုအပြီး ရေအားလျှပ်စစ် ဥမင်လိုဏ်ခေါင်းများအတွင်းပိတ်မိနေသူ ရာပေါင်းများစွာကို နီပေါကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ တရုတ်နှင့် အိန္ဒိယကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

နီပေါရေကြီးမှုကြောင့် ရေအားလျှပ်စစ်စီမံကိန်း၏ ဥမင်လိုဏ်ခေါင်းများအတွင်း ပိတ်မိနေသူရာပေါင်းများစွာကို ရှာဖွေကယ်ဆယ်ရေးများ တိုးမြှင့်လုပ်ဆောင်နေကြောင်း သိရသည်။

လက်ရှိ ရေကြီးမှုကြောင့် လူဦးရေ ၉၀၀ ကျော် သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူ ဦးရေ ၄၀၀၀ ကျော်ရှိကြောင်း၊ နီပေါအာဏာပိုင်များက အဓိက ဦးစားပေးအနေဖြင့် ရာဆူဝါနှင့် နူဝါကော့ခရိုင်တို့ရှိ ရေအားလျှပ်စစ်စီမံကိန်း ၁၁ ခု တွင် ပိတ်မိနေသော အလုပ်သမား ၉၃၃ ဦးကို ရှာဖွေကယ်ဆယ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ကမ္ဘာ့ကြက်ခြေနီအသင်းကလည်း အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် လူဦးရေ ၉၀၀၀၀ ကျော် ထိခိုက်ခဲ့ကြောင်း ခန့်မှန်းထားပြီး အဆိုပါဖြစ်စဉ်က ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် ဆက်စပ်နေကြောင်း ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : KZ

# ဆွစ်ဇာလန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်နေသဖြင့် ကျန်းမာရေးလုံခြုံမှုသတိပေးချက် ထုတ်ပြန်

ဘန်း စက်တင်ဘာ ၁

ဆွစ်ဇာလန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်နေသဖြင့် ကျန်းမာရေးလုံခြုံမှု သတိပေးချက်များကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်ပမာဏမှာ ၃၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီဖြစ်ပြီး အများပြည်သူဖြတ်သန်းသွားလာသည့်နေရာများ၌ လေအေးပေးစနစ်များနှင့် ရေငွေ့လွှတ်စနစ်များ လိုက်လံတပ်ဆင်နေကြောင်း၊ အဆိုပါစနစ်များကို ကျန်းမာရေးဝန်ကြီးဌာနက လူစည်ကားသည့် စာသင်ကျောင်းများ၊ ဆေးရုံများတွင် အဓိက တပ်ဆင်ပေးနေကြောင်း၊ ထို့ပြင် အပူချိန်မြင့်တက်မှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အများစုတွင် လုပ်ငန်းရပ်နားရေးအတွက် ပြင်ဆင်နေကြောင်း ဆွစ်ဇာလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်ဟာ ၃၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေတယ်။ ဒီလိုအခြေအနေမျိုးမှာ အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်တဲ့ ရောဂါဝေဒနာအခံ ရှိသူတွေအတွက် အန္တရာယ်ရှိတဲ့ကာလဖြစ်ပါတယ်။ လိုက်နာရမဲ့ လမ်းညွှန်ချက်တွေအတိုင်း လိုက်နာနေထိုင်သွားဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အစဉ်သတိပြုရမည့် သဘာဝဘေးအန္တရာယ်

မောင်မောင်ထွန်း(ပန်းပျိုးအိမ်)

လူသားတို့သည် သဘာဝနှင့်အတူ ယှဉ်တွဲနေထိုင်ကြရသူများဖြစ်သည်။ သဘာဝသည် လူသားတို့ကို အသက်ရှင်နေထိုင်ရန် လိုအပ်သော လေ၊ ရေ၊ မြေ၊ အစားအစာနှင့် သဘာဝအရင်းအမြစ်များကို ပေးစွမ်းသကဲ့သို့ တစ်ခါတစ်ရံတွင် မမျှော်လင့်ထားသော ဘေးအန္တရာယ်များကိုလည်း ဖြစ်ပေါ်စေတတ်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးခြင်း၊ မီးဘေးနှင့် မိုးခေါင်ခြင်းတို့သည် လူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝများကို ထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ်များဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် မည်သည့်အချိန်တွင် မည်သည့်ပုံစံဖြင့် ဖြစ်ပေါ်လာမည်ကို အတိအကျ ကြိုတင်ခန့်မှန်းနိုင်ရန် အမြဲတမ်းမလွယ်ကူပေ။ သို့သော် မဖြစ်နိုင်ပါဟု ယူဆ၍ မပြင်ဆင်ဘဲနေခြင်းသည် မှန်ကန်သော နည်းလမ်းမဟုတ်ပေ။ ဘေးအန္တရာယ်ကို အမြဲတမ်းတားဆီး၍ မရနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် ဆုံးရှုံးမှုများကို ကြိုတင်ပြင်ဆင်ခြင်းဖြင့် လျှော့ချနိုင်သည်။

လူတို့သည် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ တစ်ခါတစ်ရံ အားနည်းချက်များရှိတတ်သည်။ မိမိနေထိုင်ရာဒေသတွင် ယခင်က ဘေးအန္တရာယ်မဖြစ်ဖူးသောကြောင့် အနာဂတ်တွင်လည်း မဖြစ်နိုင်ဟုယူဆခြင်း၊ သတိပေးချက်များကို ပေါ့ဆခြင်း၊ ဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာမရှိခြင်းတို့သည် အန္တရာယ်ကို ပိုမိုကြီးမားစေနိုင်သည်။

ဥပမာအားဖြင့် မိုးရာသီတွင် ရေကြီးလေ့ရှိသော ဒေသတစ်ခု၌ နေထိုင်သူများအနေဖြင့် ရေကြီးလာမှ စဉ်းစား၍မရပေ။ မိုးရာသီမတိုင်မီကတည်းက ရေစီးရေလာကောင်းအောင် လမ်းကြောင်းများကို ရှင်းလင်းထားခြင်း၊ အရေးပေါ်သွားလာနိုင်မည့် လမ်းကြောင်းများ သိရှိထားခြင်း၊ အရေးကြီးသော စာရွက်စာတမ်းများကို လုံခြုံစွာသိမ်းဆည်းထားခြင်းနှင့် မိသားစုဝင်များ အရေးပေါ်အခြေအနေတွင် မည်သည့်နေရာ၌ ပြန်လည်ဆုံတွေ့မည်ကို ကြိုတင်သတ်မှတ်ထားခြင်းတို့ ပြုလုပ်ထားသင့်သည်။ အလားတူ လျှပ်စီးဖြစ်နိုင်သည့် ဒေသများတွင်လည်း အဆောက်အအုံများ၏ခိုင်ခံ့မှုကို အလေးထားစစ်ဆေးသင့်သည်။ မုန်တိုင်းဖြစ်နိုင်သည့် ဒေသများတွင် မုန်တိုင်းသတိပေးချက်များကို အမြဲနားထောင်နိုင်ရန် စီစဉ်ထားသင့်သည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးသည် အစိုးရနှင့် ကယ်ဆယ်ရေးအဖွဲ့များ၏ တာဝန်သာမဟုတ်ဘဲ လူသားတိုင်း တာဝန်ကိုယ်စီရှိသည်။ မိမိနေထိုင်ရာဒေသတွင် မည်သည့်ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်ကို သိရှိထားခြင်း၊ သတိပေးချက်များကို နားထောင်ခြင်း၊ အရေးပေါ်အခြေအနေတွင် မည်သို့ပြုမူရမည်ကို လေ့လာထားခြင်းတို့သည် လူတိုင်းပြုလုပ်နိုင်သော အခြေခံကြိုတင်ပြင်ဆင်မှုများဖြစ်သည်။

အိမ်တစ်အိမ်တွင် အရေးပေါ်အသုံးပြုနိုင်သော ရေ၊ အစားအစာ၊ မီးအလင်းရောင်အတွက် လိုအပ်သည့်ပစ္စည်းများ၊ ဆက်သွယ်ရေးအတွက် လိုအပ်သည့် ကိရိယာများ၊ အခြေခံဆေးဝါးများနှင့် အရေးကြီးစာရွက်စာတမ်းများကို လုံခြုံစွာ စုစည်းထားသင့်သည်။

ထို့ပြင် မိသားစုတိုင်းတွင် မိမိတို့နေထိုင်ရာဒေသ၏ အန္တရာယ်များကို နားလည်ထားသင့်သည်။ ကလေးများ၊ အသက်ကြီးသူများ၊ မသန်စွမ်းသူများနှင့် အထူးကူညီစောင့်ရှောက်ရန် လိုအပ်သူများကို အရေးပေါ်အခြေအနေတွင် မည်သို့ဦးစားပေးကူညီမည်ကို ကြိုတင်စဉ်းစားထားသင့်သည်။

ဘေးအန္တရာယ်ဖြစ်ပေါ်လာချိန်တွင် ကြောက်ရွံ့ထိတ်လန့်ပြီး တစ်ဦးနှင့်တစ်ဦး မသိမသာ ပြေးလွှားနေခြင်းထက် ကြိုတင်စီမံထားသည့်အတိုင်း တည်တည်ငြိမ်ငြိမ် ဆောင်ရွက်နိုင်ခြင်းသည် အသက်အန္တရာယ်နှင့် ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်သည် မိသားစုတစ်စုတည်းကိုသာ ထိခိုက်ခြင်းမဟုတ်ဘဲ ရပ်ရွာတစ်ခုလုံးကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရပ်ရွာအတွင်းရှိ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်။ ရပ်ကွက်၊ ကျေးရွာနှင့် ဒေသအလိုက် ဘေးအန္တရာယ်အမျိုးအစားများကို ကြိုတင်လေ့လာပြီး အရေးပေါ်စုရပ်နေရာများ၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်မည့် လမ်းကြောင်းများနှင့် အရေးပေါ် ဆက်သွယ်ရေးစနစ်များကို စီစဉ်ထားသင့်သည်။

**❖ သဘာဝဘေးအန္တရာယ်သည် မိသားစုတစ်စုတည်းကိုသာ ထိခိုက်ခြင်းမဟုတ်ဘဲ ရပ်ရွာတစ်ခုလုံးကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရပ်ရွာအတွင်းရှိ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်။ ရပ်ကွက်၊ ကျေးရွာနှင့် ဒေသအလိုက် ဘေးအန္တရာယ်အမျိုးအစားများကို ကြိုတင်လေ့လာပြီး အရေးပေါ် စုရပ်နေရာများ၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်မည့် လမ်းကြောင်းများနှင့် အရေးပေါ်ဆက်သွယ်ရေးစနစ်များကို စီစဉ်ထားသင့်သည်။ ❖**

လူတစ်ဦးတည်းက အရာအားလုံးကို မလုပ်နိုင်သော်လည်း လူအများက တစ်စိတ်တစ်ပိုင်းစီ ပူးပေါင်းဆောင်ရွက်ကြလျှင် အင်အားကြီးမားလာနိုင်သည်။ ရေကြီးလာသောအခါ အိမ်နီးချင်း၏ ကလေးငယ်ကို ကူညီပေးခြင်း၊ အသက်ကြီးသူကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခြင်း၊ အရေးပေါ်သတင်းအချက်အလက်များကို မှန်ကန်စွာ မျှဝေပေးခြင်းတို့သည် လူမှုအသိုက်အဝန်း၏ အားကိုပြသသည့် ဥပမာများဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရာတွင် သတင်းအချက်အလက်သည် အသက်ကယ်နိုင်သည့် အရေးကြီးသော အရာတစ်ရပ်ဖြစ်သည်။ သတိပေးချက်တစ်ခုကို အချိန်မီရရှိခြင်းသည် လူတစ်ဦး၏ အသက်ကို ကယ်တင်နိုင်သကဲ့သို့ မမှန်ကန်သော သတင်းတစ်ခုကို ယုံကြည်မိခြင်းသည်လည်း လူများကို အန္တရာယ်ထဲသို့ ရောက်ရှိစေနိုင်သည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကာလတွင် မည်သည့်သတင်းကိုမဆို အလွယ်တကူ မယုံကြည်ဘဲ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များမှ အတည်ပြုသင့်သည်။ လူမှုကွန်ရက်များမှ သတင်းများကို မျှဝေရာတွင်လည်း အထူးသတိထားရမည်ဖြစ်သည်။ မြန်မြန်မျှဝေလိုက်ရင် ကူညီရာရောက်မည်ဟူသောစိတ်ဖြင့် မမှန်ကန်သောသတင်းကို ဖြန့်ဝေမိပါက လူများကြား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ဘေးအန္တရာယ်ကာလတွင် မှန်ကန်သောသတင်းကို အချိန်မီရရှိခြင်းနှင့် မှန်ကန်စွာမျှဝေခြင်းသည် ကယ်ဆယ်ရေးလုပ်ငန်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ဘေးအန္တရာယ် ဖြစ်ပေါ်လာသောအခါ လူတို့၏ စိတ်ထဲတွင် ကြောက်ရွံ့မှုဖြစ်ပေါ်ခြင်းသည် သဘာဝဖြစ်သည်။ သို့သော် ကြောက်ရွံ့မှုကြောင့် ဆင်ခြင်တုံတရား ပျောက်ဆုံးသွားခြင်းကို ရှောင်ရှားရမည်ဖြစ်သည်။ အရေးပေါ်အခြေအနေတွင် တည်ငြိမ်စွာ စဉ်းစားပြီး သတ်မှတ်ထားသော ဘေးကင်းလုံခြုံရေး ညွှန်ကြားချက်များကို လိုက်နာသင့်သည်။

အခြေအနေတစ်ခုချင်းစီသည် မတူညီသောကြောင့် ဘေးအန္တရာယ်အမျိုးအစားအလိုက် ကျွမ်းကျင်သူများနှင့် တာဝန်ရှိသူများ၏ ညွှန်ကြားချက်များကို လိုက်နာရန်လည်း အရေးကြီးသည်။ ဘေးအန္တရာယ်သည် ရုတ်တရက်ဖြစ်ပေါ်လာနိုင်သော်လည်း မိမိတို့၏ တုံ့ပြန်ပုံကိုတော့ ကြိုတင်လေ့ကျင့်ထားနိုင်သည်။ ထို့ကြောင့် မိသားစုနှင့် ရပ်ရွာအဆင့်တွင် အရေးပေါ်လေ့ကျင့်မှုများ ပြုလုပ်ထားခြင်းသည် အကျိုးရှိသည်။

သဘာဝဘေးအန္တရာယ်တစ်ခု ကျော်လွန်သွားသည်နှင့် အလုပ်ပြီးဆုံးသွားပြီဟု မဆိုနိုင်ပေ။ ပြန်လည်ထူထောင်ရေးသည်လည်း အလွန်အရေးကြီးသည်။ အိမ်အဆောက်အအုံများ ပျက်စီးခြင်း၊ စီးပွားရေးလုပ်ငန်းများ ရပ်တန့်ခြင်း၊ လယ်ယာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ခြင်းတို့ကြောင့် လူများ၏ဘဝသည် အချိန်ကြာမြင့်စွာ အခက်အခဲများဖြင့် ရင်ဆိုင်ရနိုင်သည်။ ထိုအချိန်တွင် ကူညီပံ့ပိုးမှုများကို အရေးပေါ်လိုအပ်ချက်များအတွက်သာ အသုံးပြုခြင်း မဟုတ်ဘဲ ပြန်လည်ထူထောင်နိုင်ရေးအတွက်ပါ စီမံပေးရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ်များအနက် တချို့သည် သဘာဝဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသော်လည်း လူတို့၏ သဘာဝပတ်ဝန်းကျင်အပေါ် ပြုမူဆောင်ရွက်ပုံများသည်လည်း ဘေးအန္တရာယ်၏ သက်ရောက်မှုကို ပိုမိုကြီးမားစေနိုင်သည်။ သစ်တောများ ပျက်စီးခြင်း၊ ရေစီးရေလာလမ်းကြောင်းများ ပိတ်ဆို့ခြင်း၊ စနစ်မကျသော မြို့ပြတည်ဆောက်မှုများနှင့် သဘာဝပတ်ဝန်းကျင်ကို မထိန်းသိမ်းခြင်းတို့သည် အချို့သောဒေသများတွင် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် အခြားသော ဘေးအန္တရာယ်များ၏ ဆိုးကျိုးများကို ပိုမိုပြင်းထန်စေနိုင်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရာတွင် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၏ တာဝန်တစ်ခုတည်း မဟုတ်ဘဲ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်း၊ ရေစီးရေလာလမ်းကြောင်းများ မပိတ်ဆို့စေရန် ထိန်းသိမ်းခြင်း၊ အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်းနှင့် ပတ်ဝန်းကျင်ကို တန်ဖိုးထားခြင်းတို့လည်း ပါဝင်သည်။ သဘာဝကိုထိန်းသိမ်းခြင်းသည် ယနေ့အတွက်သာမက မနက်ဖြန်၏ ဘေးအန္တရာယ်များကိုလျှော့ချရန် ကြိုတင်ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် လူငယ်များသည် အရေးပါသော အင်အားစုများ ဖြစ်ကြသည်။ လူငယ်များသည် နည်းပညာနှင့် ဆက်သွယ်ရေးကိရိယာများကို လျင်မြန်စွာ အသုံးပြုတတ်ကြသဖြင့် အရေးပေါ်သတင်းအချက်အလက်များကို မှန်ကန်စွာရှာဖွေခြင်း၊ မျှဝေခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း အသိပညာပေးခြင်းတို့တွင် အထောက်အကူပြုနိုင်သည်။

ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်စီမံထားခြင်းသည် ကုန်ကျစရိတ်တစ်ရပ် ဖြစ်နိုင်သော်လည်း ဘေးအန္တရာယ်ဖြစ်ပြီးနောက် ဆုံးရှုံးရမည့် လူ့အသက်၊ အိမ်ခြံမြေ၊ စီးပွားရေးနှင့် လူမှုဘဝ ကုန်ကျစရိတ်များနှင့် နှိုင်းယှဉ်ပါက ကြိုတင်ပြင်ဆင်ခြင်း၏ တန်ဖိုးသည် အလွန်ကြီးမားသည်။

သဘာဝဘေးအန္တရာယ်သည် လူသားတို့ မမျှော်လင့်သည့်အချိန်တွင် ရောက်ရှိလာနိုင်သည်။ ထိုအန္တရာယ်များအားလုံးကို တားဆီးနိုင်မည် မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်မှုကောင်းကောင်းဖြင့် ဆုံးရှုံးမှုများကို လျှော့ချနိုင်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကို ဖြစ်လာမှ ဖြေရှင်းမည့် ပြဿနာအဖြစ်မမြင်ဘဲ မဖြစ်မီကတည်းက ကြိုတင်စီမံရမည့်တာဝန်အဖြစ် မြင်သင့်သည်။

တစ်ဦးချင်းစီက သတိပြုကြရမည်။ မိသားစုတိုင်းက ကြိုတင်စီမံကြရမည်။ ရပ်ရွာတိုင်းက ပူးပေါင်းပြင်ဆင်ကြရမည်။ အဖွဲ့အစည်းများက ဘေးအန္တရာယ်ခံနိုင်ရည်ရှိသောစနစ်များ တည်ဆောက်ကြရမည်။ နိုင်ငံတော်အဆင့်တွင်လည်း ကြိုတင်ကာကွယ်ရေး၊ သတိပေးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဆက်စပ်စီမံထားရမည်ဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်များကိုရင်ဆိုင်ရာတွင် လူတစ်ဦး၏ အသိပညာ၊ မိသားစုတစ်စု၏ ကြိုတင်ပြင်ဆင်မှုနှင့် ရပ်ရွာတစ်ခု၏ ပူးပေါင်းဆောင်ရွက်မှုတို့သည် အလွန်အရေးကြီးသည်။

ယနေ့ကြိုတင်စီမံထားသည့် အစီအစဉ်တစ်ခုသည် မနက်ဖြန်တွင် လူတစ်ဦး၏အသက်ကို ကယ်တင်နိုင်သည်။ ယနေ့ပြုလုပ်ထားသည့် သတိပေးမှုတစ်ခုသည် မိသားစုတစ်စု၏ ဘေးအန္တရာယ်ကို လျှော့ချနိုင်သည်။ ယနေ့ရပ်တည်စုစည်းထားသည့် ရပ်ရွာအင်အားသည် ဘေးအန္တရာယ်ကြီးတစ်ခုကို အတူတကွ ကျော်လွှားနိုင်စေမည်ဖြစ်သည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရာတွင် အကောင်းဆုံးသော ကာကွယ်ရေးမှာ သတိရှိခြင်း၊ အသိပညာရှိခြင်း၊ ကြိုတင်စီမံခြင်းနှင့် အချင်းချင်း ပူးပေါင်းကူညီခြင်းပင်ဖြစ်သည်။ အစဉ်သတိပြု ကြိုတင်စီမံ၊ ဘေးအန္တရာယ်ကို လက်တွဲကာကွယ်၊ လူ့အသက်နှင့် လူမှုဘဝကို တန်ဖိုးထား၊ ပိုမိုလုံခြုံသော အနာဂတ်ကို အတူတကွ တည်ဆောက်ကြပါစို့ဟူ၍ အလေးအနက်ထား အသိပေးတင်ပြရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အစီအစဉ်များ**

# သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ စက်တင်ဘာ ၆ ရက်တွင် ထုတ်လွှင့်သွားမည်



**ရန်ကုန် စက်တင်ဘာ ၁**

သဲသဲလှုပ်ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ စက်တင်ဘာ ၆ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ကျော်ထက်ဇော်ထံမှ သိရသည်။

အဆိုပါ သဲသဲလှုပ်ရုပ်ရှင်ဇာတ်ကားသည် မဟာဆွေ၏ ဝတ္ထုဇာတ်လမ်းကို ကိုကျော်က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) က ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကား တစ်ကားလည်းဖြစ်ကာ CANAL+ ZAT LENN Channel မှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ဇူလိုင်လမှာ ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ကာလမှာ သုံးပတ်ဆက်တိုက် ရုံတင်ပြသခွင့်ရတဲ့ ဇာတ်ကားလဲ ဖြစ်ပါတယ်။ မကြည့်လိုက်ရသေးတဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN Channel ကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသ ဇာတ်မြူးလေးပါ"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြသည်။

အဆိုပါ သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ကျော်ထက်ဇော်၊ အောင်ခိုင်၊ မိုးဒီ၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ ယွန်းရွှေရည်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပြီး လာမည့် စက်တင်ဘာ ၆ ရက် တနင်္ဂနွေနေ့ ည ၇ နာရီ မိနစ် ၃၀ တွင် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Snoop ဘဝအတ္ထုပ္ပတ္တိဇာတ်ကား၌ မင်းသမီး လော်ရာလန်ဒန် ပါဝင်လာ

**နယူးယောက် စက်တင်ဘာ ၁**

ယူနီဗာဆယ်ကုမ္ပဏီ၏ Snoop အတ္ထုပ္ပတ္တိဇာတ်ကား၌ မင်းသမီး လော်ရာလန်ဒန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၃၁ ရက်သတင်းများအရ သိရသည်။

Snoop ဇာတ်ကားသည် ကမ္ဘာကျော် အမေရိကန်ရက်ပါ Snoop Dogg ၏ ဘဝကို အခြေခံ ရိုက်ကူးမည့် ဘဝအတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သည်။

Snoop ဇာတ်ကားတွင် မင်းသမီး လော်ရာလန်ဒန်သည် Snoop Dogg ၏ မိခင် ဘီဗာလေတိတ်အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ Snoop Dogg အဖြစ် မင်းသား ဂျိုနသန်ဒေးဗစ်က ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး မင်းသား မိုင်လက်ဘူးလေ့က တေးဂီတထုတ်လုပ်သူ Dr. Dre အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Snoop ဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဘရူဝါက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဂျိုးရောဘတ်ကိုးက ရေးသားပေးထားသည်။

Snoop ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဩဂုတ် ၆ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ရှင်ခုန်သံခြေရာ ဇာတ်လမ်းတွဲကို Cloud Seven YouTube Channel မှ စက်တင်ဘာလ ဒုတိယပတ်အတွင်း ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၁**

Cloud Seven Production & Entertainment မှ ရိုက်ကူးထုတ်လုပ်သည့် ရှင်ခုန်သံခြေရာ ဇာတ်လမ်းတွဲကို Cloud Seven You-Tube Channel မှ စက်တင်ဘာလ ဒုတိယပတ်အတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ ခန့်အုပ်စိုးထံမှ သိရသည်။

အဆိုပါ ရှင်ခုန်သံခြေရာ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Leon Ye က ရေးသားရေးဖွဲ့ထားပြီး Cloud Seven Production & Entertain-ment အတွက် ဒါရိုက်တာ သက်ညီညီက တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဇာတ်လမ်းတွဲလေးကတော့ အချစ်ဒရာမာ အမျိုးအစားလေးပါ။ အတိတ်တွေကို မမေ့နိုင်တဲ့




အချစ်ဇာတ်လမ်း တစ်ပုဒ်ပါ။ ငယ်ရွယ်ချိန် ကျောင်းသားဘဝမှာ ချစ်ခဲ့ဖူး လမ်းခွဲခဲ့ကြဖူးပေမဲ့ လုပ်ငန်းခွင်ထဲ ရောက်ချိန်မှာတော့ အထက်လူကြီးနဲ့ လက်အောက်ငယ်သားအဖြစ် မမျှော်လင့်ဘဲ ပြန်တွေ့ကြတဲ့အခါ ရုံးတွင်းအလွဲပေါင်းစုံနဲ့အတူ ရင်ခုန်စရာ အချစ်ဇာတ်လမ်းလေးကို ဆွဲဆောင်မှုအပြည့်နဲ့ ရိုက်ကူးတင်ဆက်ထားပါတယ်"ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ ခန့်အုပ်စိုးက ပြောပြသည်။

Cloud Seven Production & Entertainment မှ ရိုက်ကူးထုတ်လုပ်သည့် ရှင်ခုန်သံခြေရာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ခန့်အုပ်စိုး၊ ယု၊ ရတီနန္ဒာ၊ နန်းဦးလှိုင်၊ အဲဗရာမိုးဦးနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ၉၉ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲအတွက် Nina Roza ဇာတ်ကားကို ကနေဒါရွေးချယ်

**နယူးယောက် စက်တင်ဘာ ၁**

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာဇာတ်ကား အော်စကာဆုအတွက် ကနေဒါကိုယ်စားပြုရုပ်ရှင်ဇာတ်ကားအဖြစ် Nina Roza အမည်ရှိ ဇာတ်ကားကို ကနေဒါနိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

Nina Roza ဇာတ်ကားကို ကနေဒါအမျိုးသမီး ဒါရိုက်တာ ဂျင်နီဗီဒူလပ်ဒီဆဲလက်က တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါ ဇာတ်ကားသည် မီပေးအမည်ရှိဘူဂေးရီးယားနိုင်ငံသား ပန်းချီပညာရှင်တစ်ဦး၏ ဘဝကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် မိသားစု ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

Nina Roza ဇာတ်ကားကို ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ယခုနှစ်စပိုင်းတွင် ပွဲဦးထွက်ပြသခဲ့ရာ အကောင်းဆုံးဇာတ်ညွှန်းဆုရရှိခဲ့သည်။

Nina Roza တွင် အဓိကဇာတ်ကောင်ဖြစ်သည့် မီပေးဇာတ်ကောင်နေရာတွင် ဘူဂေးရီးယားမင်းသား ဂါလင်စတိုအက်က ပါဝင်သရုပ်ဆောင်ထားသည်။

**Ref : Sputnik News**

**Trs : KKO**




# M Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေသည့် မေ - ၃၁ ရုပ်သံဇာတ်လမ်းတွဲမှ သရုပ်ဆောင်များနှင့် ပရိသတ်များတွေ့ဆုံပွဲ Fan Meeting ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁**

M Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေသည့် မေ – ၃၁ ရုပ်သံဇာတ်လမ်းတွဲမှ သရုပ်ဆောင်များနှင့် ပရိသတ်များ တွေ့ဆုံပွဲကို စက်တင်ဘာ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် နေထွဋ်ထံမှ သိရသည်။

အဆိုပါ မေ – ၃၁ ရုပ်သံဇာတ်လမ်းတွဲကို M Channel ရုပ်သံလိုင်းမှ ပြီးခဲ့သည့် ဇူလိုင်လ ၁၁ ရက်က စတင်ကာ ထုတ်လွှင့်ပြသလျက်ရှိပြီး မေ–၃၁ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"လူငယ်ကြိုက် သူငယ်ချင်းလေးယောက်ရဲ့ လေးပွင့်ဆိုင် ထူးထူးခြားခြား ဒရာမာဇာတ်လမ်းလေးပါ။ သူတို့လေးယောက်မှာ ဘယ်သူက မေ – ၃၁ ရဲ့အခိုင်မာဆုံးစုံတွဲဖြစ်လာမလဲ။ မေ – ၃၁ ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင်လ ၁၁ ရက်ကတည်းက ပြသနေတာဖြစ်ပါတယ်။ ပရိသတ်တွေအားပေးမှုကလဲ မြင့်တက်နေတဲ့အတွက် ပရိသတ်တွေရဲ့ တောင်းဆိုမှုနဲ့ ဒီ Fan Meeting ကို ဝဇီရာကဇာတ်ရုံမှာ လုပ်ဖြစ်သွားတာပါ။ ပရိသတ်ကြီးအတွက် မေ – ၃၁ အဖွဲ့သားတွေနဲ့ ဆုံတွေ့ခွင့်ရမဲ့ Fan Meet-ing လေးပဲပေါ့။ ဒီပွဲလေးကို လာမဲ့ စက်တင်ဘာ ၅ ရက် နေ့လယ် ၂ နာရီမှညနေ ၄ နာရီထိ ဝဇီရာကဇာတ်ရုံမှာ ပြုလုပ်ကျင်းပသွားမှာဖြစ်လို့ ချစ်တဲ့ပရိသတ်များအားလုံးလာရောက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု သရုပ်ဆောင် နေထွဋ်က ပြောပြသည်။

ASH

# Vice President U Nyo Saw holds separate meetings with Russian Deputy Prime Minister, Presidential Adviser, Forum Executive Secretary and Roscongress Foundation Director



Vice President U Nyo Saw receives Russian Deputy Prime Minister Yury Petrovich Trutnev in Vladivostok.

**Vladivostok September 1**

Vice President U Nyo Saw, who is in Vladivostok, Russian Federation, to attend the 11th Eastern Economic Forum to be held in the city, met with Russian Deputy Prime Minister Yury Petrovich Trutnev at 3:30 pm local time on September 1 in Vladivostok and they held cordial and frank discussions on Myanmar-Russia bilateral relations, cooperation in education, development of the Dawei seep-sea port and Special Economic Zone, and the promotion and implementation of cooperation in energy, the economy, trade and tourism, and the establishment of a Consulate-General of Myanmar in Vladivostok, Russian Federation.

In the afternoon, Vice President U Nyo Saw separately met with Russian Presidential Adviser and Executive Secretary of the Forum Organizing Committee Anton Kobyakov and Roscongress Foundation Director Alexander Shatirov in Vladivostok.

The meetings were attended by Union Minister for Electricity and Energy U Ko Ko Lwin, Deputy Minister for Foreign Affairs U Ko Ko Kyaw, Deputy Minister for Digital Development and Communications U Min Zeyar Hlaing, Myanmar Ambassador U Myo Moe Aung and officials.

MNA

# Kalay District to plant more than 2,000 acres of kidney bean this year

**Kalay September 1**

The Agriculture Department in Kalay District stated that local farmers will cultivate more than 2,000 acres of kidney bean as cold season crops in Kalay District of Sagaing Region this year.

During the 2026-2027 winter crop cultivation season, Kalay District has planned to grow a total of 2,969 acres of kidney beans, comprising 2,255 acres in Kalay Township, 272 acres in Kalewa Township and 442 acres in Mingin Township. Cultivation will begin in October this year and continue through September.

"This year, Kalay District has planned to grow more than 2,000 acres of kidney beans during the winter crop cultivation season. We will make necessary arrangements to ensure that the targeted acreage is fully cultivated. In cooperation with farmers, we will provide the necessary quality and pure seed varieties, agricultural inputs and post-harvest technologies to improve the yield and quality of the crop," said Daw May Kywe Win, Head of the Kalay District Agriculture Department.

The respective Township Agriculture Departments in Kalay District will carry out awareness-raising activities to encourage kidney bean growers to expand cultivation acreage, improve yields, adopt GAP-based cultivation methods, use quality and pure seed varieties, and grow high-yielding varieties.

Crops cultivated in accordance with GAP standards have better quality and can command higher prices than those grown using other cultivation methods. Their quality is also sufficient for distribution not only in domestic markets but also for export to international markets. Therefore, farmers adopting GAP-based cultivation methods can potentially gain greater economic benefits.

206

# 21 militants, 6 security personnel killed in SW Pakistan: military

**Islamabad September 1**

At least 21 militants, six security personnel and a customs official were killed in separate incidents in Pakistan's southwestern Balochistan province, the military said Tuesday.

The incidents occurred in Chagai and Pishin districts during the night of Monday to Tuesday, the Inter-Services Public Relations (ISPR), the media wing of the Pakistani military, said in a statement.

In one of the incidents, militants attempted to disrupt traffic along the N-40 Quetta-Taftan Highway by establishing an illegal checkpoint for extortion, the statement said.

Security forces responded and killed 11 militants following an intense exchange of fire, while a large quantity of weapons, ammunition and explosives was recovered, the statement added.

In another incident during the night, militants launched a coordinated attack in an attempt to breach the Customs House at Ziarat Cross in Pishin, according to the statement.

Security forces responded effectively and killed 10 militants following an intense exchange of fire, the ISPR said.

Xinhua

# Israel says senior Hamas official detained in Gaza, vows to maintain military presence

**Jerusalem September 1**

Israeli Defense Minister Israel Katz said on Tuesday that a senior Hamas official had been detained in Gaza and vowed that Israeli forces would remain in the enclave even after Hamas was disarmed and its tunnels destroyed.

"Our activity in Gaza City continues at this time," Katz said in a video statement, without identifying the detained official or giving details of the operation.

His remarks came after Israel's state-owned Kan TV reported that an Israeli-backed Palestinian militia had entered Gaza City with Israeli air support in an attempt to seize a senior Hamas commander.

Katz said Israel would not withdraw from Gaza until the enclave was demilitarized, Hamas was disarmed, and its tunnels were destroyed. "Even after that, the IDF (Israel Defense Forces) will remain in Gaza along defensive lines," he said.

He also repeated a threat to "respond forcefully" to kites, balloons or drones launched from Gaza, saying Israel would strike neighborhoods from which they were launched and target those responsible.

Katz said nearly 70 percent of the Gaza Strip is destroyed, without residents, without tunnels and without houses, and the IDF controls the area.

Also on Tuesday, Palestinian sources said that three Palestinians were killed and several others wounded in Israeli airstrikes west of Gaza City.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Prize-presentation ceremony of the 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions, held, graced by Commander-in-Chief of Defence Services General Ye Win Oo



General Ye Win Oo presents the championship trophy to No 2 mobile public relations company.

**Nay Pyi Taw September 1**

The prize-presentation ceremony of the 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions, held with the aim of preserving and protecting the Myanmar traditional cultural performing arts, vitalizing patriotism, nationalistic fervour and national pride, of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) took place at Hsinphyushin Hall, Transit Centre, Nay Pyi Taw this morning. Commander-in-Chief of Defence Services General Ye Win Oo attended the ceremony and presented the championship trophy.

Also present at the ceremony were Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Daw Nang Kue Ku, the Chief of General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, judges, who were veteran and seasoned artists and senior technicians, invited guests and soldier contestants.

According to the agenda, the first part of the prize-presentation ceremony was held. Chairman of the Morale and Public Relations Committee Adjutant-General Lt-Gen Zaw Hein presented prizes to Stg Zaw Min Tun and his team of No 3 mobile public relations company, who won first place in the magic contest, WOII Aung Zaw and team of No 4 mobile public relations company, who won first place in modern music (team-wise) contest, WOI Tint Hsan and team of No 1 Tatmadaw TV broadcasting unit, who won first place in Myanmar orchestra (team-wise) contest.

Chief of General Staff (Army, Navy and Air) General Ko Ko Oo presented prizes to Tayzagon team led by WOII (Substitute) Thanda Lin of No 2 Tatmadaw TV broadcasting unit, who won first place in Myanmar traditional cultural (Court) synchronized dance, Farm Girls team led by WOII (Substitute) Thanda Lin of No 2 Tatmadaw TV broadcasting unit, who won first place in Myanmar traditional cultural (Choice) synchronized dance, Nyinyasay ethnic synchronized dance team led by SGT Clark Kyaw Yamin of No 2 Tatmadaw TV broadcasting unit, who won first place in Myanmar traditional cultural (Ethnic traditional)) synchronized dance.

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin presented prizes to Shwepyitan Anyeint Troupe of No 4 mobile public relations company, which won first place in Anyeint contest and Mitenaungta stage drama troupe of No 1 mobile public relations company, which won first place in drama contest.

Commander-in-Chief of Defence Services General Ye Win Oo presented the championship trophy of the 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) to No 2 mobile public relations company.

The troupe representing the No 1 Tatmadaw TV Broadcasting Unit which won the first prize in the Myanmar orchestra (troupe) contest played the "Aung Par Say" welcoming tune; first-prize winner Seageant Aye Min Tun from No. 1 Mobile Public Relations Company in the old song (men's) singing contest presented the song titled "Lu-chun-lu-kaung'; Seageant (Substitute) Kyi Thant from No. 1 Tatmadaw Boradcasting Unit who won the first prize in the modern song (women's) singing contest sang the song "Taung-tan-pyar-ne-kyaw-poe-eik"; Captain Daw May Eaindray Thant from No. 2 TV Broadcasting Unit who won the first prize in the sterio song (women's) singing contest presented a song "Yue-yue-maik-maik-Achit"; the troupe of the No. 2 TV Broadcasting Unit which won the first prize in the traditional Myanmar cultural (royal choral dance) contest performed Tayzagon royal choral dances; the troupe from the No. 1 Public Relations Company which secured the second prize in the traditional Myanmar cultural (open choral dance) presented rural farmer's choral dances; rhe troupe from the No. 2 Mobile Public Relations Company which bagged the third prize in the magic (troupe) contest showed their best skills in magics; the troupe of the No. 4 Public Relations Company which held up the first prize in the modern band contest played the music; the troupe of the No. 2 Tatmadaw TV Broadcasting Unit which clinched the second prize in the Anyeint (Troupe) contest presented some plots of Anyeint performances; and servicemen and servicewomen from the No 2 Tatmadaw TV Broadcasting Unit performed the songs and dances under the song "Seelon-chitkyi-Pyansonkyamyi".



General Kyaw Swa Lin presents a prize to a winning troupe.

The Commander-in-Chief of Defence Services and his wife, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and his wife, senior military officers from the Office of the Commander-in-Chief presented cash awards to the regiments and units which participated in the competition. The Commander-in-Chief of Defence Services and party cordially greeted the maestros who were members of the panel of judges and contestant Tatmadaw members.

In the afternoon, the second session of the awarding ceremony followed, attended by the Director of the Public Relations and Psychological Warfare under the Ofice of the Commander-in-Chief (Army), senior military officers, members of the panel of judge maestros, guests and Tatmadaw member contestants.


Officials from the Directorate of the Public Relations and Psychological Warfare presented awards to the first, second and third prize winning Tatmadaw member contestants in relevant contests.

On behalf of the members of the panel of judge maestros, U Thet Swe presented reviews and assessments over the competition. The Director discussed his remarks over holding the competition and presented gifts to the maestros.

The Directorate of Public Relations and Psychological Warfare under the Office of the Commander-in-Chief (Army) held the Performing Arts, Anyeint, Drama and Magic Competition with the objectives of preserving and safeguarding Myanmar's traditional cultural and performing arts so that they would not decline or disappear; fostering and nurturing patriotism rooted in national spirit and pride in the hearts of all citizens through the arts; and enabling the artistic standards of the respective units to develop and improve systematically by allowing a new generation of artists and performers to inherit and preserve the genuine artistic heritage passed down by veteran and maestros artistes and experts. The competitions were organized with the participation of servicemen and servicewomen from the Myawady-based artistic troupes and Mobile Public Relations Companies under the command of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army). A total of 21 competition categories were contested this year, including oldies, modern songs, sterio songs, Anyeint performances, dance, traditional Myanmar cultural open choral dance, duet dance, drama, Myanmar traditional orchestra, modern band, magic, and songcomposing contests.

100

# ဂျပန်နိုင်ငံက Shahed ဒရုန်းများကိုတန်ပြန်ရန် Terra B1 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း အမြောက်အမြားထုတ်လုပ်ရန်စီစဉ်



ဂျပန်နိုင်ငံသည် Shahed ဒရုန်းများကို တန်ပြန်ရန်အတွက် တိုကျိုအခြေစိုက် Terra Drone ကုမ္ပဏီထုတ် Terra B1 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း အမြောက်အမြားထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း The Drone Front သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစီမံကိန်းနှင့် ပတ်သက်သည့် စာချုပ်ကို ဂျပန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်း၊ နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ( ATLA)သည် ထုတ်ပြန်ကြေညာခဲ့သည်။ ATLA အေဂျင်စီက လက်တွေ့ စမ်းသပ်အကဲဖြတ်သည့် မော်ဒယ်လေးမျိုးအနက် Terra B1 တစ်မျိုးတည်းသာ သတ်မှတ်ချက်များကိုဖြတ်ကျော်နိုင်ခဲ့ခြင်းသဖြင့် အမြောက်အမြားထုတ်လုပ်ရေးအဆင့်သို့ ဆက်လက်တိုးမြှင့်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖွံ့ဖြိုးတိုးတက်မှုသည် ဂျပန်နိုင်ငံ၏ Terra B1 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း ထုတ်လုပ်မှုအစီအစဉ်အတွင်း တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်သည်။ အဆိုပါအစီအစဉ်၏ ရည်ရွယ်ချက်မှာ အီရန်နိုင်ငံထုတ် Shahed အမျိုးအစား တာဝေးပျံသန်းစစ်ဆင်နိုင်သည့် ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများကဲ့သို့သော မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များကို တန်ပြန်နိုင်မည့်စနစ်များကို အချိန်တိုအတွင်း တပ်ဆင်အသုံးပြုနိုင်ရေးဖြစ်သည်။

Terra Drone ကုမ္ပဏီ၏ အဆိုအရ အဆိုပါအစီအစဉ်သည် ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများမှ ရရှိလာသည့် စစ်မြေပြင်အတွေ့အကြုံများကို အခြေခံထားခြင်းဖြစ်ပြီး ၎င်းဒေသများတွင် ကုန်ကျစရိတ်နည်းပါးသည့် ဒရုန်းများကိုအသုံးပြု၍ ကုန်ကျစရိတ်မြင့်မားသော လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆက်မပြတ် ဖိအားပေးလျက်ရှိသည်။

ထို့ပြင် Terra Drone ကုမ္ပဏီအနေဖြင့် Terra B1 ကြားဖြတ်ဒရုန်းများကိုထုတ်လုပ်အသုံးပြုနိုင်ရန်အတွက် ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ်များ၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ရေးအခြေခံအဆောက်အအုံများကို တည်ဆောက်သွားရန် မျှော်မှန်းထားသည်။ အစိတ်အပိုင်းများ၊ ဘက်ထရီများ၊ ဆက်သွယ်ရေးစနစ်များနှင့် ထိန်းချုပ်ရေးကိရိယာများအပါအဝင် ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်ကိုလည်း ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

Terra B1 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများကို ဂျပန်နိုင်ငံရှိ စစ်ဘက်အခြေစိုက်စခန်းများ၊ စစ်ရေယာဉ်များနှင့် အရေးပါသော အဆောက်အအုံများတွင် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပေါင်းစပ်အသုံးပြုသွားရန် ရည်ရွယ်ထားသည်။ ကနဦးအသုံးပြုမှုကို ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JMSDF) မှ စတင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ဂျပန်ကြည်းတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့ထိ လုပ်ငန်းလိုအပ်ချက်အရ တဖြည်းဖြည်းတိုးချဲ့အသုံးပြုသွားရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံ၏ ATLA အေဂျင်စီသည် ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီး Shinjiro Koizumi က ယခုအစီအစဉ်အတွက် အဆိုပြုလွှာများ တင်သွင်းရန်ဖိတ်ခေါ်ခဲ့ပြီး ကုမ္ပဏီ ၃၈ ခုထံမှ အဆိုပြုလွှာများကို လက်ခံရရှိခဲ့သည်။ ထိုအဆိုပြုလွှာများအနက်မှ Terra Drone ကုမ္ပဏီအပါအဝင် စနစ်လေးမျိုးကို နောက်ဆုံးရွေးချယ်၍ လက်တွေ့သရုပ်ပြစမ်းသပ်မှုအဆင့်သို့ ဆောင်ရွက်စေခဲ့သည်။

ATLA အေဂျင်စီ၏ အကဲဖြတ်မှုတွင် ဒရုန်း၏ ထိရောက်စွာတုံ့ပြန်နိုင်သည့် အမြင့်ဆုံးအကွာအဝေးနှင့် ပုံမှန်ပျံသန်းနှုန်းတို့အပြင် လမ်းညွှန်ထိန်းချုပ်မှုနည်းစနစ်များကိုလည်း ထည့်သွင်းစစ်ဆေးခဲ့သည်။ ထို့ပြင် လွှတ်တင်ခြင်းနှင့် ပြန်လည်ရယူခြင်းစနစ်များ၊ အခြားစနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်မှု၊ တစ်ချိန်တည်းတွင် ဒရုန်းကို ထိန်းချုပ်နိုင်မှု၊ လုံခြုံရေးအစီအစဉ်များနှင့် လက်တွေ့အသုံးချနိုင်မှုတို့ကိုလည်း အကဲဖြတ်ခဲ့သည်။

Terra B1 ဒရုန်း၏ စမ်းသပ်မှုအောင်မြင်ခြင်းသည် လေယာဉ်စွမ်းဆောင်ရည်တစ်ခုတည်းကို ဖြတ်ကျော်နိုင်ခြင်းသာမက အချိန်တိုအတွင်း ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ ပြည်တွင်းထုတ်လုပ်မှု၊ ပြုပြင်ထိန်းသိမ်းရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လေ့ကျင့်ရေးစနစ်များကိုပါ လက်တွေ့အသုံးချနိုင်သည့် အဆင့်သို့ ရောက်ရှိလာခြင်းကို ပြသနေကြောင်း သိရသည်။

**Japan Selects ‘Terra B1 Intercep-tor’ in Effort to Defend Military From Shahed Drones ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန် IMPACT Drones ကုမ္ပဏီက မြန်နှုန်းမြင့်ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့

အမေရိကန် မောင်းသူမဲ့လေယာဉ်နည်းပညာကုမ္ပဏီ IMPACT Drones သည် မြန်နှုန်းမြင့်ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ကုမ္ပဏီပူးတွဲတည်ထောင်သူများက ပြောကြားခဲ့ကြောင်း The Drone Front သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

SABLE ဟု အမည်ပေးထားသည့် အဆိုပါ မြန်နှုန်းမြင့်ကြားဖြတ်ဒရုန်းသည် တာဝေးမှ ချဉ်းကပ်လာသည့် ပစ်မှတ်များကို အလျင်နှုန်းမြင့်မားစွာဖြင့် ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားပြီး Delta-Wing ပုံစံကို အသုံးပြုထားသည်။


အဆိုပါ ကုမ္ပဏီပူးတွဲတည်ထောင်သူ Alessandro Fiume ၏ပြောကြားချက်အရ SABLE ဒရုန်းကို Turbine Engine ဖြင့် မောင်းနှင်ထားပြီး အမြင့်ဆုံး တစ်နာရီလျှင် ကီလိုမီတာ ၇၅၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

IMPACT Drones ကုမ္ပဏီက အဆိုပါ ကြားဖြတ်ဒရုန်းကို လေကြောင်းရန်ကာကွယ်ရေးဝန်ဆောင်မှုအနေဖြင့် ထုတ်လုပ်ဝန်ဆောင်မှုပေးရန် စီစဉ်ထားသည်။ ၎င်းဝန်ဆောင်မှုကို စိတ်ဝင်စားသည့်အဖွဲ့အစည်းများသည် SABLE ဒရုန်းကို ဝယ်ယူပြီး ရေရှည်ပြုပြင်ထိန်းသိမ်းရန်မလိုအပ်ဘဲ ဒရုန်းတန်ပြန်ကာကွယ်ရေးဝန်ဆောင်မှုအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

IMPACT Drones ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Jasper Lortije ကလည်း "ဝင်ရောက်လာသည့် ဒရုန်းများသည် ပိုမိုဈေးသက်သာပြီး ပိုမိုမြန်ဆန်လာသည်နှင့်အမျှ လေကြောင်းရန်ကာကွယ်ရေးစနစ်များလည်း ၎င်းနှုန်းနှင့်အညီ လိုက်လျောညီထွေ တိုးတက်လာရန်လိုအပ်သည်"ဟု ပြောကြားခဲ့သည်။

SABLE ဒရုန်းနမူနာပုံစံကို နှစ်ပတ်အတွင်း ထုတ်လုပ်ခဲ့သဖြင့် အဆိုပါ ကြားဖြတ်ဒရုန်း၏ အမှန်တကယ် စစ်ဆင်ရေးစွမ်းရည်နှင့် ပတ်သက်၍ မေးခွန်းများလည်း ပေါ်ပေါက်လာခဲ့သည်။

လက်ရှိအချိန်ထိ အခြားနည်းပညာအသေးစိတ်များကို ထုတ်ဖော်ပြောကြားထားခြင်းမရှိသေးသောကြောင့် စစ်ရေးကျွမ်းကျင်သူတချို့က SABLE သည် ရည်မှန်းချက် တာဝန်ထမ်းဆောင်နေမှုတွင် လူက ပုံမှန်ဆက်သွယ်ထိန်းချုပ်ပေးရန် လိုအပ်နေသေးပါက အလွန်မြန်ဆန်သော အဝေးထိန်းလေယာဉ်တစ်စင်းသာ ဖြစ်နေမည်ဟု ထောက်ပြခဲ့ကြသည်။



ကုမ္ပဏီပူးတွဲတည်ထောင်သူ Fiume ၏ပြောကြားချက်အရ SABLE ဒရုန်း၏ ပထမဆုံးပျံသန်းစမ်းသပ်မှုကို မကြာမီ ပြုလုပ်ရန်စီစဉ်ထားပြီး ၎င်းစမ်းသပ်မှုက ကြားဖြတ်ဒရုန်း၏ အပြည့်အဝစွမ်းဆောင်ရည်ကို လက်တွေ့အခြေအနေတွင်ပထမဆုံးအကြိမ် မြင်တွေ့ခွင့်ရစေနိုင်မည်ဖြစ်သည်။

SABLE ဒရုန်း၏ ထူးခြားချက်မှာ ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် အလွန်မြန်ဆန်သော ကြားဖြတ်ဒရုန်းတစ်မျိုးကို အချိန်တိုအတွင်း တည်ဆောက်ရန် ကြိုးပမ်းထားခြင်းဖြစ်သည်။ သို့သော် နှစ်ပတ်အတွင်း တည်ဆောက်နိုင်ခဲ့သည်ဆိုသည့် ထုတ်လုပ်ရေးမြန်နှုန်းထက် ပစ်မှတ်ကို ကိုယ်တိုင်ရှာဖွေသိရှိနိုင်ခြင်း၊ ခြိမ်းခြောက်မှုကို ခွဲခြားနိုင်ခြင်း၊ အမိန့်ပေးခြင်းနှင့်ထိန်းချုပ်ခြင်း၊ ကွန်ရက်နှင့်ပေါင်းစပ်နိုင်ခြင်းနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးအခြေအနေများအောက်တွင် လုပ်ဆောင်နိုင်ခြင်းတို့က စစ်ဆင်ရေးအတွက် ပိုမိုအရေးကြီးမည်ဖြစ်သည်။ ထို့ကြောင့် SABLE ဒရုန်းသည် လက်ရှိတွင် အလားအလာရှိသည့် ကြားဖြတ်ဒရုန်းရှေ့ပြေးစနစ် တစ်ရပ်အဖြစ်သာ သတ်မှတ်နိုင်ပြီး ပထမဆုံးပျံသန်းစမ်းသပ်မှုများနှင့် နောက်ထပ်နည်းပညာအချက်အလက်များ ထွက်ပေါ်လာမှသာ ၎င်း၏အမှန်တကယ်စစ်ဆင်ရေးတန်ဖိုးကို ပိုမိုတိကျစွာ အကဲဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**US Startup Says ‘Shahed-Looking’ Interceptor Was Built in Just Two Weeks ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၉၆၉ ဧကစိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ကလေး စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၉၆၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၂၅၅ ဧက၊ ကလေးဝမြို့နယ်တွင် ၂၇၂ ဧက၊ မင်းကင်းမြို့နယ်တွင် ၄၄၂ ဧက စုစုပေါင်း ၂၉၆၉ ဧက ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ မြေထောက်ပဲဧက ၂၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားပါမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၄၀၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးကွမ်းရှပ်ခြောက်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်



ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချနေရတာပါ။ လက်ရှိ အရောင်းအဝယ် ကောင်းနေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက နွေဘက်ကလုပ်ထားတဲ့ ငါးကွမ်းရှပ်ခြောက်တွေဖြစ်ပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေကတော့ စားသုံးသူများလို့ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ငါးပိငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရန်ကုန်ဈေးကွက်သို့ ငါးပိ၊ ငါးခြောက်များ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၀ မှ ၄၅၀၀၀ ထိ အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ် ထန်းတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

စစ်ကိုင်း စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းတွင် လိုက်နာရမည့်မူဘောင်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲ စာစောင်ပါ ကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် အချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေခံနေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ထန်းတောကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နီလာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မိုင်းတုံမြို့နယ် ဟွေပါလှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



မိုင်းတုံ စက်တင်ဘာ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်ကျေးရွာအုပ်စု ဟွေပါလှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ဟွေပါလှိုင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟွေပါလှိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈ ဦးကို မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း၊ ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ အခမ်းအနားတက်ရောက်လာကြသူများက အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ စစ်သည်၊ စစ်သမီးများ၏ စည်းလုံးချစ်ကြည် ပြန်ဆုံကြမည် စုပေါင်းသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူးညွှန့်နှင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ဆုချီးမြှင့်ပွဲ ပထမပိုင်းပြုလုပ်ရာ ဦးစွာမျက်လှည့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီးဇော်မင်းထွန်းနှင့်အဖွဲ့၊ ခေတ်ပေါ်တီးဝိုင်းပြိုင်ပွဲ(အဖွဲ့လိုက်)တွင် ပထမဆုရရှိသည့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ်အောင်ဇော်နှင့်အဖွဲ့၊ မြန်မာ့ဆိုင်းဝိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှအရာခံဗိုလ်တင့်ဆန်းနှင့်အဖွဲ့တို့ကို စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု (နန်းတွင်း) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်း ဦးဆောင်သော တေဇဂုဏ်အဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(စိတ်ကြိုက်) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်း ဦးဆောင်သော လယ်တောသူယိမ်းအဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(တိုင်းရင်းသားရိုးရာ) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး/စာရေး ကျော့ယမင်း ဦးဆောင်သော ညီညာစေ တိုင်းရင်းသားယိမ်းအဖွဲ့တို့ကို ညွှန်ကြားကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကိုကိုဦးက ဆုများပေးအပ်ချီးမြှင့်သည်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း အငြိမ့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ ရွှေပြည်တန် အငြိမ့်အဖွဲ့ကို ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် အငြိမ့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ရွှေပြည်တန်အငြိမ့်အဖွဲ့နှင့် ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ မိုက်နေဝင်တ စင်တင်ပြဇာတ်အဖွဲ့တို့ကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး

# ငဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

ငဝန်တာတမံနိမ့်ကျမှုကြောင့် ရေစီးဝင်လမ်းကြောင်း၏ လက်ယာဘက်ခြမ်းကို နိုင်လွန်ကြိုးပိုက်များဖြင့်ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ဒဂုန်စာမရီ ရေယာဉ်ကြီးဖြင့် Geo Bag အိတ်ကြီးများချခြင်း၊ Steel Sheet Pile များရိုက်သွင်းခြင်း၊ အလယ်ရေနက်ရေစီးကြောင်းတွင် Split Berge ရေယာဉ်ကြီးဖြင့် Geo Bag အိတ်ကြီးများချခြင်း၊ လက်ဝဲဘက်ခြမ်းကို Steel Sheet Pile များ၏နောက်ကျောဘက်တွင် Jumbo Bag များချခြင်းလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ယမန်နေ့က စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ရှိရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေးအရှိန်အဟုန်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ငဝန်မြစ်နှင့် ငဝန်တာနိမ့်ကျရေစီးဝင်သည့်နေရာတို့၏ နေ့စဉ်ရေထုထည်စီးနှုန်းနှင့် မြစ်ကြမ်းပြင်နိမ့်မြင့်အခြေအနေ၊ လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းခွင်သုံးပစ္စည်းများစုဆောင်းထားရှိမှုနှင့် ထပ်မံသယ်ယူမည့်အခြေအနေများကို တင်ပြဆွေးနွေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆+၃၀၀ နေရာ၌မြစ်ရေတိုက်စားမှုကြောင့် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပထမယာယီပန်းတာအရှေ့လျှောစောက်အခြေနှင့် နောက်ဘက်လျှောစောက်အခြေတွင် သဲအိတ်များထောက်ခြင်း၊ တာတမံကြံ့ခိုင်မှုအားနည်းသည့် တာမိုင် ၁၁/၅ နှင့် ၁၁/၆ ကြားတွင် အလျားပေ ၃၀၀ တုတ်တန်းရိုက်သဲဖြည့်ခြင်း၏နောက်ဘက်တွင် သဲအိတ်ဖြင့် အခြေထောက်ခြင်းကို ပိုမိုတောင့်တင်းခိုင်မာမှုရှိစေရန်ဆောင်ရွက်ခြင်း၊ ဒုတိယယာယီပန်းတာ ဆက်လက်လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ထူးခြားသည့် နေ့အပူချိန်များ

( ၁ – ၉ – ၂၀၂၆ )

| | | | | |
|---|---|---|---|---|
| မြိတ် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# ယခုနှစ်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်းပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်းအရေးပြိုင်ပွဲ စုစုပေါင်းပြိုင်ပွဲအမျိုးအစား ၂၁ မျိုးယှဉ်ပြိုင်ခဲ့ . . .

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့်မျိုးချစ်စိတ်များပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့်အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီ အနုပညာရှင်အဖွဲ့များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(စိတ်ကြိုက်)ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်းပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်းအရေးပြိုင်ပွဲ စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၂၁ မျိုး ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အကဲဖြတ်အနုပညာရှင်ကြီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံး တံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ဆိုင်းဝိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်က အောင်ပါစေညှော့်ခံတီးလုံးဖြင့် တီးခတ်ဖျော်ဖြေခြင်း၊ ခေတ်ဟောင်းတေး(အမျိုးသား) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီးအေးမင်းထွန်းက လူချွန်လူကောင်းတေးသီချင်း၊ ကာလပေါ်တေး (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်မှ တပ်ကြပ်ကြီး(အစားခန့်) ဒေါ်ကြည်စင်သန့်က တောင်တန်းပြာနဲ့ ကျောပိုးအိတ် တေးသီချင်း၊ ခေတ်ပေါ်တေး(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဗိုလ်ကြီးဒေါ်မေအိန္ဒြေသန့်က ရှူးရှူးမိုက်မိုက်အချစ် တေးသီချင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (နန်းတွင်းယိမ်း)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တေဇဂုဏ်နန်းတွင်းယိမ်းအကများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်ယိမ်း)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ လယ်တောသူကျေးလက်ယိမ်းအကများ၊ မျက်လှည့်ပြိုင်ပွဲ(အဖွဲ့လိုက်) ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စိတ်ဝင်စားစရာ အကောင်းဆုံးမျက်လှည့်ပြကွက်များ၊ ခေတ်ပေါ်တီးဝိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တီးခတ်ဖျော်ဖြေခြင်း၊ အငြိမ့်(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ကောက်နုတ်ချက်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ စစ်သည်၊ စစ်သမီးများက စည်းလုံးချစ်ကြည်ပြန်ဆုံကြမည် စုပေါင်းသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်ရင်း၊ တပ်ဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အကဲဖြတ်အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများကိုရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဝါရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာဆုချီးမြှင့်ခြင်းကိုပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားများအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် စစ်သည်၊ စစ်သမီးများကို ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များကိုယ်စား အကြံပေးပညာရှင် ဦးသက်ဆွေက ပြိုင်ပွဲအပေါ်သုံးသပ်ချက်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် ညွှန်ကြားရေးမှူးက ပြိုင်ပွဲကျင်းပခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး အကဲဖြတ်ပညာရှင်ကြီးများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

# ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁**

ရတနာပုံ ဆိုက်ဘာစီးတီးစီမံကိန်းကြီးကြပ်မှုကော်မတီ၏ခွင့်ပြုချက်ဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ယနေ့တွင်အဆိုပါရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းသို့သွားရောက်ကြည့်ရှုစဉ်မှာကြားသည်။

ထို့ပြင် သတ်မှတ်ထုတ်ပြန်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ အကြီးအကဲများ၏ လမ်းညွှန်မှာကြားချက်များကို ထိရောက်အောင်မြင်အောင် အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး စီမံကိန်းအတွင်းရှိ သစ်ပင်များစနစ်တကျစိုက်ပျိုးထားရှိမှု၊ ရေရရှိနိုင်ရေးအတွက် ရေဂါလန် ၅၀၀၀၀၀ ဆံ့ ရေလှောင်ကန်၊ ရေတွန်းစက်ရုံနှင့် ရေပိုက်လိုင်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယမန်နေ့ကလည်း ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ငလျင်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်နေသည့် စည်ပင်သာယာရေးကော်မတီပိုင် အိမ်ရာဝင်းကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၅၈/၁-၃)ရှိ ဒုဋ္ဌဝတီတံတား အသစ်တံတားအရှည် ပေ ၁၀၀၀ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ်ခရီးသွားပြည်သူများ တံတားဦး-ပလိပ်လမ်းမှတစ်ဆင့် မန္တလေးမြို့သို့သွားနေရသည့်အတွက် တံတားကို အမြန်ပြီးစီးရေးအလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေး ဂရုစိုက်ရန်၊ တံတားတည်ရှိသည့်နေရာသည် ပြင်းထန်သည့်လှုပ်ခါမှုများကြောင့် အစိုင်အခဲမှ ရွှံ့စေးကဲ့သို့ ဂုဏ်သတ္တိပြောင်းလဲခြင်းဖြစ်စဉ် ဖြစ်နိုင်ခြေများသော မြေအမျိုးအစားနေရာဖြစ်၍ လိုအပ်သည့် တွက်ချက်မှုများ၊ စစ်ဆေးမှုများကို အမြဲမပြတ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်
အကာအကွယ်ပေးရေးဥပဒေကြမ်း
(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --------)
၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်အစွန်းရရှိရန်အလို့ငှာ လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံသားပိုင်ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ ၁၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဃ) **အငယ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၁၁ ဦးမှ ၅၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(င) **အလတ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၅၀ ဦးအထက်မှ ၃၀၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁,၀၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(စ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အငယ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ လုပ်ကိုင်သည့် နိုင်ငံသားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဆ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့်အသင်းအဖွဲ့ကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ခွဲတစ်ခုခုကိုလည်းကောင်း ဆိုသည်။

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဈ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ည) **အေဂျင်စီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဋ) **ဒေသဆိုင်ရာအေဂျင်စီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေအရ ဖွဲ့စည်းထားသော ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဌ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရထူထောင်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဎ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(တ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်သော ဝန်ကြီးဌာနများကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားဖွဲ့စည်းထားသော ဦးစီးဌာနကို ဆိုသည်။

(ဒ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်လည်း ပါဝင်သည်။

(ဓ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ ဈေးကွက်ဝင်ရောက်ထိုးဖောက်နိုင်ပြီး ပိုမိုအသုံးဝင်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုကို ဆိုသည်။

(န) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ပ) **ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာန** ဆိုသည်မှာ ချေးငွေဆိုင်ရာသတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးခွင့်ရထိုက်မှုကို အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ သတင်းအချက်အလက်များ စုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသောဌာနကို ဆိုသည်။

(ဖ) **အစပျိုးစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်း စတင်တည်ထောင်သည့်နေ့မှ သက်တမ်းခုနစ်နှစ်အတွင်းရှိသော နည်းပညာကိုအခြေပြုသည့် သို့မဟုတ် ဆန်းသစ်တီထွင်ဖန်တီးမှုကို အခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ဗ) **အွန်လိုင်းကုန်သွယ်မှုစနစ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရယူဆောင်ရွက်လိုသည့် စားသုံးသူများထံသို့ အင်တာနက်ကွန်ရက်၊ ဒီဂျစ်တယ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ချိတ်ဆက်ရောင်းဝယ်မှုပြုခြင်းကို ဆိုသည်။

(ဘ) **အများနှင့်အကျိုးဝင်သောစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အများပြည်သူအတွက် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် နိုင်ငံတကာ စံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျော့နည်းစေရန်၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီရန်၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## အခြေခံမူများ

၄။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း၏ အခက်အခဲများကို လျော့နည်းစေရန်လည်းကောင်း လိုအပ်သည့် အကြံဉာဏ်ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားရေးဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးတက်ရရှိစေရေး စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်သည့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေအသုံးပြုရေး ဆောင်ရွက်ခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊

(ဈ) အများနှင့်အကျိုးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ငွေကြေးထောက်ပံ့ခြင်း၊ လိုအပ်သောအကြံဉာဏ်များပေးခြင်းနှင့် မူဝါဒများချမှတ်ခြင်း။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

## အခန်း (၄)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဤဥပဒေပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) ဒုတိယသမ္မတများ | ဒုတိယဥက္ကဋ္ဌများ |
| (၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၅) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ပုဒ်မခွဲငယ်(၃)နှင့် ပုဒ်မခွဲငယ်(၄)တို့ပါ အဖွဲ့ဝင်များအနက် သင့်လျော်သူအား တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါအခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်ခြင်း၊

(ဃ) အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာအသုံးချရေး နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

## အခန်း (၅)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ဒုတိယသမ္မတတစ်ဦး | ဥက္ကဋ္ဌ |
| (၂) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ | အဖွဲ့ဝင် |
| (၅) အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ | အဖွဲ့ဝင် |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက် သင့်လျော်သူများကိုအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) လုပ်ငန်းကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များကို စုဆောင်းသုံးသပ်ပြီး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတွင်လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့်စွာချိတ်ဆက်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အကြံပြုချက်များရယူရန် ပြည်တွင်း၊ ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရရှိလာသော အကြံပြုချက်များကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများသို့ ဖြန့်ဖြူးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသနဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဌ) လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)
## အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဦးဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် အေဂျင်စီကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၀။ ဝန်ကြီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဆောင်ရွက်ရန်နှင့် အေဂျင်စီ၏လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် ဦးစီးဌာနသီးခြားဖွဲ့စည်းထားရမည်။ အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၁။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်းဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းလျက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရေးအတွက် ငွေကြေးမဟုတ်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

(ဋ) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအချင်းချင်း ယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဌ) လုပ်ငန်းကြီးများက ဈေးကွက်လက်ဝါးကြီးအုပ်ခြင်း (Monopoly) မပြုရန် ကာကွယ်ခြင်း၊

(ဍ) လုပ်ငန်းကြီးများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိစေရန် ကာကွယ်ခြင်း၊

(ဎ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖြန်ဖြေပေးခြင်းနှင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဏ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော အဖွဲ့အစည်းများက ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအပေါ် အကျိုးအမြတ်ခွဲဝေရာတွင် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း၊ လျှို့ဝှက်သဘောတူညီချက်များဖြင့် ဈေးကွက်ကန့်သတ်ခြင်း (Collusive Agreements)နှင့် မမျှတသော စာချုပ်ပါစည်းကမ်းချက်များ (Unfair Contract Terms) အား အတင်းအကျပ်လက်ခံစေခြင်း မပြုနိုင်ရေး ကာကွယ်ခြင်း၊

(တ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအတိုင်ပင်ခံ အဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေးအတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ထ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ဒ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဓ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(န) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ ဖော်ဆောင်ရန်တို့အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကြံဉာဏ်ရယူခြင်း၊

(ပ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးသည် အသေးစား စီးပွားရေးလုပ်ငန်းအမျိုးအစားမှ အငယ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ၊ အငယ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အလတ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ ပြောင်းလဲဖြစ်ပေါ်တိုးတက်သည့်နေ့မှစ၍ သုံးနှစ်အထိ မူလစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဖ) ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ဒီဂျစ်တယ်အသွင် ကူးပြောင်းဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပ နည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဆက်သွယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဗ) အွန်လိုင်းပလက်ဖောင်း (Online Platform) သို့မဟုတ် ဒီဂျစ်တယ်ဈေးကွက် (Digital Marketplace) များသည် ၎င်းတို့၏ ဒီဂျစ်တယ်ပလက်ဖောင်းပေါ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရောင်းအဝယ် အချက်အလက်များအား အလွဲသုံးစား ပြု၍ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အသုံးမပြုနိုင်ရေးနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသူများက ကောက်ခံသည့် ဝန်ဆောင်ခများအား အလွန်အကျွံမဖြစ်စေရေး ကာကွယ်ခြင်း၊

(ဘ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ လုပ်ငန်းလျှို့ဝှက်ချက် (Trade Secrets)နှင့် မိရိုးဖလာအသိပညာ (Traditional Knowledge) များအား ခိုးယူခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အတုအပပြုလုပ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရေး သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၂။ (က) အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာ အေဂျင်စီများအား သင့်လျော်သောဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ဒေသဆိုင်ရာအေဂျင်စီသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ခံရမည်။

## အခန်း (၇)

## ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ လုပ်ငန်းကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီကဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သူအပါအဝင် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၁၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရန်၊ လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အသုံးစရိတ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပ ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကူအညီရရှိငွေ၊ အလှူရှင်များ လှူဒါန်းငွေနှင့် အခြားရရှိငွေများဖြင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စည်းမျဉ်းနှင့်အညီ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးမှုခံယူခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူခြင်း၊

(င) ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသော အဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ ထုတ်ချေးပေးသော အထူးချေးငွေ တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ အတိုးမဲ့ဖြစ်စေ၊ သက်သာသည့် အတိုးနှုန်းဖြင့်ဖြစ်စေ ထုတ်ချေးပေးသော ချေးငွေတစ်ရပ်ရပ်ကိုလည်းကောင်း ရရှိနိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးငွေမဟုတ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ကျခံသုံးစွဲခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေရရှိရန်နှင့် ပြန်လည်ပေးဆပ်စရာမလိုသော အကူအညီငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။`

၁၅။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

## အခန်း (၈)

## လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၁၇။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့ တင်ပို့မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ချိန်မှစ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား နှစ်စဉ်ဘဏ္ဍာနှစ်အတွင်း ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးလုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထုတ်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

(ဈ) ပုဒ်မခွဲ(က)မှ(ဇ)အထိ သုံးသပ်ချက်များနှင့် သက်ဆိုင်သည့် နှစ်စဉ်အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသိရှိနိုင်စေရန် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

## အခန်း (၉)

## တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်နှင့် လုပ်ငန်းတာဝန်များ

၁၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၁၉။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် ဒေသဆိုင်ရာအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို သက်ဆိုင်ရာဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းပေးရမည်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

**အခန်း (၁၀)**

**သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း**

၂၁။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်–

(က) ဈေးကွက်၊ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်းနှင့် သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်နှင့် အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်ခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပ ဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ်ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ ရယူပံ့ပိုးပေးခြင်း။

**အခန်း (၁၁)**

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း**

၂၂။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှု မြှင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း စီစဉ်ဆောင်ရွက်ရမည်–

(က) သင့်လျော်သည့် နည်းပညာများကို ရှာဖွေဖော်ထုတ် လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာနည်းပညာ အကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းများ တည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရန် ပြိုင်ပွဲများကျင်းပပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

**အခန်း (၁၂)**

**သုတေသနလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ခြင်းနှင့် နည်းပညာများလွှဲပြောင်းပေးခြင်း**

၂၃။ အေဂျင်စီသည်အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ စွန့်ဦးတီထွင်မှုများ ပေါ်ထွန်းလာရေး သုတေသနလုပ်ငန်းများမှ နည်းပညာအသစ်များရရှိစေရန် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးခြင်း၊

(ခ) သုတေသနလုပ်ငန်းများမှ ရရှိသောနည်းပညာအသစ်များကို စီးပွားဖြစ်အကောင်အထည်ဖော်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများအတွက် လိုအပ်သော အဆင့်မြင့်ဓာတ်ခွဲခန်းများ၊ ကိရိယာများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် သင်တန်းများကို ပံ့ပိုးပေးခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသနကွန်ရက်ပလက်ဖောင်းများ၊ သုတေသနဌာနများ ဖွဲ့စည်းတည်ထောင်ပြီး နည်းပညာ၊ ဗဟုသုတများနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ရေး ပံ့ပိုးပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့်သုတေသနဆိုင်ရာ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ (Technology & Research Advisory Service) ပေါ်ထွန်းလာစေရေး ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက နည်းပညာသစ်များ အသုံးပြု၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း။

**အခန်း (၁၃)**

**ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ရှာဖွေချိတ်ဆက်ပေးခြင်း**

၂၄။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်–

(က) ပို့ကုန်ဦးစားပေး လုပ်ငန်းဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့်စည်းမျဉ်းများကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ဝင်ရောက်ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

**အခန်း (၁၄)**

**အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း**

၂၅။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်သက်သာခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်–

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သောကုန်ပစ္စည်းအသစ် ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသတစ်ခုခု၌ သတ်မှတ်ထားသော ဦးစားပေးစာရင်းဝင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေ့အလွင့်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကုန်ချောအမျိုးအစားအသစ် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိ ထိရောက်စွာအသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိပါက လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အခွန်သက်သာခွင့်ပြုခြင်းကို လိုအပ်သလိုဆောင်ရွက်ပေးရမည်။

**အခန်း (၁၅)**

**စွန့်ဦးတီထွင်မှု၊ စွန့်ဦးတီထွင်ပညာရေးနှင့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း**

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုများ ဖွံ့ဖြိုးလာစေရေးအတွက် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် –

(က) အခွန်လျှော့ပေါ့ကောက်ခံခြင်း၊

(ခ) စက်ရုံများတည်ထောင်ရန် မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့်နှုန်းထားဖြင့် ငှားရမ်းပေးခြင်း၊

(ဂ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခက်အခဲများကို အကြံပြုဖြေရှင်းပေးခြင်း၊

(ဃ) စွန့်ဦးတီထွင်မှုရှိသည့်လုပ်ငန်းများအချင်းချင်း အကျိုးတူကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) စွန့်ဦးတီထွင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ အခြေခံပညာကျောင်းများတွင် ထည့်သွင်းသင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) စွန့်ဦးတီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲပံ့ပိုးပေးခြင်း၊

(ဆ) စွန့်ဦးတီထွင်သည့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပေါ်ထွန်းလာစေရေးနှင့် ဈေးကွက်ဝင်ရောက်နိုင်ရေး ပံ့ပိုးကူညီခြင်း၊

(ဇ) စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ အသိပညာပေးခြင်းနှင့် ကွန်ရက်ချိတ်ဆက်မှုများ ဖြစ်ထွန်းလာစေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လွယ်ကူသက်သာစေရေးအတွက် လုပ်ငန်းကော်မတီသို့ တင်ပြပေးခြင်း။

**အခန်း (၁၆)**

**အစပျိုးစီးပွားရေးလုပ်ငန်း (Start up Business) များ လုပ်ငန်းစတင်နိုင်ရန် ပံ့ပိုးခြင်း**

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဆန်းသစ်၍ စီးပွားရေးအရ အလားအလာကောင်းသော လုပ်ငန်းသစ်များ ပေါ်ပေါက်လာစေရန် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် –

(က) လုပ်ငန်းစတင်သည့်နေ့မှ သုံးနှစ်အထိ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊

(ခ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများမှ ပံ့ပိုးပေးသောဝန်ဆောင်မှု ရုံးခန်းနေရာ၊ ပစ္စည်းကိရိယာများကို တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝအသုံးပြုခွင့်ပေးခြင်း၊

(ဂ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစပျိုး စီးပွားရေးလုပ်ငန်းများ ပြုစုပျိုးထောင်ပေးသည့်စင်တာများ(Incubation Centers) တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးခြင်း၊

(ဃ) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ရေးဆွဲခြင်း၊

(င) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရှင်သန်ရပ်တည်နိုင်စေရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်း၊

(စ) အကျိုးတူရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေရရှိစေရန်ဖြစ်စေ၊ လုပ်ငန်းသစ်စတင်ရန် ရင်းနှီးမြှုပ်နှံမှုရရှိစေရန်ဖြစ်စေ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများမှတစ်ဆင့် ရင်းနှီးငွေ ထောက်ပံ့မှုရရှိစေခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးငွေပံ့ပိုးပေးသော ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား အခွန်သက်သာခွင့်များ သို့မဟုတ် လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးမှုများ သို့မဟုတ် အခြားအလားတူ သက်သာခွင့်များ ခံစားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဇ) အစပျိုးစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးပေးခြင်း။

**အခန်း (၁၇)**

**စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ**

၂၉။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် ဤဥပဒေ၏ အခြေခံမူများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့်အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၃၀။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေး အဆင့်အတန်းတိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရမည်။

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

### အခန်း(၁၈)
### စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေး

၃၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊
(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲဆောင်ရွက်ခြင်း၊
(ဂ) ဤဥပဒေအရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့်အမြဲတမ်းလုပ်သားဦးရေ၊ နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ သတ်မှတ်ချက် တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက** အေဂျင်စီသို့သတင်းပေးပို့ တင်ပြခြင်း၊ ခွင့်ပြုကာလမပြည့်မီ သုံးလကြိုတင်၍ ပြောင်းလဲမှတ်ပုံတင်ပြီး မူလမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊
(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ စစ်ဆေးမှုကိုခံယူခြင်း၊
(င) နစ်နာမှုများ၊ စီးပွားရေးဆိုင်ရာအကာအကွယ် ရယူလိုမှုများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ အေဂျင်စီမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊
(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာ အသုံးချရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများ အသုံးပြုရေးတို့အတွက် အေဂျင်စီမှတစ်ဆင့် အစိုးရနှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊
(ဆ) ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်း၊
(ဇ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊
(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များအလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊
(ည) ပြည်တွင်း၊ ပြည်ပစီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

### အခန်း (၁၉)
### မှတ်ပုံတင်ခြင်း

၃၂။ အေဂျင်စီသည် –
(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ်တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုရမည်။
(ခ) လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် –
(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း၊
(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊
(၃) မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားခြင်း၊
(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် လုပ်သားများ ကျန်းမာရေးထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားခြင်း။

၃၃။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင် ထုတ်ယူခြင်းနှင့် လိုအပ်သောထောက်ခံချက်များ လျှောက်ထားခြင်းတို့ပြုနိုင်သည်။

၃၄။ အေဂျင်စီသည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရမည် –
(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊
(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊
(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလ သုံးနှစ်ထက် ကျော်လွန်ခြင်း။

### အခန်း (၂၀)
### အထွေထွေ

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ ဒေသဆိုင်ရာ အေဂျင်စီနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၃၆။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့ ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်သတ်မှတ်ပေးရမည်။

၃၇။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၃၈။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဤဥပဒေအရ အကျိုးခံစားခွင့်များကို ရရှိစေရန် ပုဒ်မ ၃၂ အညီ မှတ်ပုံတင်ပြုလုပ်နိုင်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၉။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၅)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –
(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
(ဂ) အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့သည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် –
(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊
(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊
(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊
(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊
(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊
(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊
(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊
(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊
(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊
(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊
(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၁**

အားကစားရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမျိုးသား တံခွန်စိုက် ငါးယောက်တွဲ(အလွတ်တန်း၊ U-16) နှင့် သုံးယောက်တွဲ(U-16/U-18) အမျိုးသား၊အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်း ဒေသကြီးတရားလွှတ်တော် တရားသူကြီး ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာ နိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်၊ တိုင်း ဒေသကြီး ဘတ်စကက်ဘောဆပ် ကော်မတီ၊ ပြိုင်ပွဲဝင်အားကစားသမား များနှင့်ဝါသနာရှင်များ၊ဖိတ်ကြားထားသူ များ တက်ရောက်ကြပြီး MOHA အသင်း နှင့် Amigo အသင်းတို့ ယှဉ်ပြိုင်ကစားနေမှု များကို ကြည့်ရှုအားပေးရာ MOHA အသင်း က အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက် ကျင်းပရာ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသ ကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူ တို့က အကောင်းဆုံးဆုရ အားကစား သမားများ၊ပထမ၊ ဒုတိယ၊ တတိယဆုရ အသင်းများကို ဆုတံဆိပ်များ၊ ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမတံခွန်စိုက်ဆုရရှိ သည့် MOHA အမျိုးသမီးဘတ်စကက် ဘောအသင်းနှင့် MOHAအမျိုးသား ဘတ်စကက်ဘောအသင်းတို့ကို ပထမ တံခွန်စိုက်ဖလားများ ချီးမြှင့်ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက်ကျော်လွန်၍ ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များက ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ ဩဂုတ် ၃၀ ရက်နှင့် ၃၁ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်း မှုကြောင့် တနင်္သာရီမြစ်ရေ အမှတ်သည် ၂၅ ပေ ၇ လက်မသို့ ရောက်ရှိလာပြီး တနင်္သာရီမြို့၏ စိုးရိမ်ရေမှတ် ၁၇ ပေ အထက် ၈ ပေ ၇ လက်မကျော်လွန်ရောက် ရှိကာ အန္တရာယ်ရေမှတ် ၂၄ပေ အထက် ၁ ပေ ၇ လက်မသို့ရောက်ရှိခဲ့ခြင်းကြောင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများဘေးလွတ် ရာသို့ ပြောင်းရွှေ့နေထိုင်ရန် ယာယီ ကယ်ဆယ်ရေးစခန်း ခြောက်ခု ဖွင့်လှစ် ထားရှိ၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်း များတွင် ယာယီနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော် အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ အရေးပေါ် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရေး ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များကို အချိန်နှင့်တစ်ပြေးညီ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခြင်းတို့ကိုဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်း များဆောင်ရွက်နေမှုကို ယနေ့တွင် တနင်္သာရီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ





နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း မြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင် တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေ တိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မူလပန်းတာ တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြား Bund Slope အခြေသဲအိတ်ထောက် ခြင်း၊တာမိုင်(၁၁/၅)နှင့်(၁၁/၆)ကြား ယာယီ ပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်း လုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှုပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ (U-14) အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ (U-14) အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ (U-14) အမျိုးသားဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ တာဝန်ရှိသူများက ပြိုင်ပွဲဝင် အသင်းများကို လိုက်လံနှုတ်ဆက်အားပေးကာ အားကစားပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက သရုပ်ပြကျောင်းသား၊ ကျောင်းသူ ဦးရေ ၈၀၀ ၏ အခြေခံပညာကျောင်းများတွင် ကျောင်းလှုပ်ရှားမှုအသွင်ဖြင့် သင်ကြားနေသော ကိုယ်ကာယလေ့ကျင့်ခန်းအတွဲ(၃၊ ၄) နှင့် Physical Fitness Exercises ကကွက်တို့ဖြင့် သရုပ်ပြတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ (U-14) အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ပြင်ဦးလွင်ခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ၁-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၁၈၄,၆၇၈.၁၈ | ၅,၂၁၆,၁၉၂.၀၀ | ၃၁,၃၂၄,၀၈၄.၃၃ | - |

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဆန်းအား ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ခမ္မနဲ့အခမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့အကြမ်းဖက် NUG၊ PDF "** ခေါင်းစဉ်ဖြင့် ၂-၉-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၉-၉- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ "**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း




မန္တလေး စက်တင်ဘာ ၁

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေ၊ ဆည်ရေမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ရာ ရေများဝင်ရောက်ခဲ့သည့်နေရာဒေသများမှ ရေဘေးသင့်ပြည်သူများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိပြီး စေတနာရှင်အလှူရှင်များကလည်း အလှူငွေများ လှူဒါန်းလျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ စေတနာရှင်အလှူရှင်များက အလှူငွေများကို လှူဒါန်းရာ အလှူရှင်များဖြစ်သည့် မန္တလေးတိုင်းဒေသကြီး စီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၅၀၀ ကို လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအတွင်းရေးမှူးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ရှစ်ပေခန့်သာကျန်ရှိတော့သဖြင့် ၃ ပေ ၂ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၂ ပေ ၁ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း၊ ကျုံပျော်မြို့တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ခြောက်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် နှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် နုန်းများ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းဆောင်ရွက်ပေးစဉ်။

အဆိုပါ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာများရှိ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင်တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ယနေ့တွင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)


# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။









ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီးသိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့ပြင်ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်၊ စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ဒီလို လိုက်ပို့ပေးတဲ့အတွက်ကြောင့် မို့လို့ ကျွန်မက ကလေးတွေ အသိပညာတွေ မျိုးချစ်စိတ်ဓာတ်တွေ နောက်ပြီးတော့မှ သူတို့အတွက် သူတို့ရည်မှန်းထားတဲ့ ဘဝရည်မှန်းချက်တွေ အတွေ့အကြုံအသစ်တွေ အများကြီးရတဲ့အတွက်ကြောင့်မို့လို့ ကလေးတွေအတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်။ အခုလိုလိုက်ပို့ပေးတဲ့ တာဝန်ရှိလူကြီးအားလုံးကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်။ ဘာလို့လဲဆိုရင် ကလေးတွေက အသိပညာတွေ ဗဟုသုတတွေ နောက်ပြီး သူတို့မမြင်မတွေ့ဖူးတဲ့ အကြောင်းအရာတွေ သမိုင်းအမွေအနှစ်တွေ အဲ့ဒါတွေအားလုံး မြင်ခွင့်ရသွားတဲ့အတွက် ကလေးတွေအတွက် အသိပညာနဲ့ ဗဟုသုတတွေ အများကြီးရရှိသွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ ကလေးတွေရဲ့ ကိုယ်စားအထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်"ဟု ပြောသည်။

"အခုလိုမျိုး လာရောက်လေ့လာရတဲ့အတွက်ကြောင့်မို့လို့ သမီးအနေနဲ့ ပိုပြီးတော့လဲ အားတက်သွားတယ်။ အနာဂတ်မှာ ငါဘာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကိုလဲ ကိုယ်တိုင်ချမှတ်နိုင်သွားတဲ့အတွက်ကြောင့်မို့လို့ သမီး





အနေနဲ့က အလွန်ပဲဝမ်းသာဂုဏ်ယူမိပါတယ်။ ဘာလို့လဲဆိုတော့ သမီးတို့ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့က အနာဂတ်ရဲ့မျိုးဆက်သစ်တွေ ဖြစ်လာမှာဖြစ်တဲ့အတွက် သမီးတို့နိုင်ငံအတွက် ဘယ်လိုအကျိုးပြုရမယ်။ ဘယ်လိုအကျိုးပြုရင်တော့ နိုင်ငံတော်ကအကျိုးဖြစ်ထွန်းမယ်ဆိုတဲ့ အကြောင်းအရာတွေကို လေ့လာသိရှိခွင့်ရတဲ့အတွက်လဲ အလွန်ဂုဏ်ယူမိပါတယ်။ အထက (၁) ကျောင်းသား၊ ကျောင်းသူတွေအားလုံးရဲ့ ကိုယ်စား အခုလိုမျိုးခရီးစဉ်ကြီးကို စီမံရေးဆွဲပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်းစီတိုင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

---

**ရှေ့ဖုံးမှအဆက်**

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဗလာဒီဗော့စတော့မြို့၌ တွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေး၊ စွမ်းအင်၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားကဏ္ဍ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရေးနှင့် ဗလာဒီဗော့စတော့မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး မစ္စတာ အန်တွန်ကိုဗျာကော့ဗ်၊ ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ရှတီရော့ဗ်တို့နှင့် ဗလာဒီဗော့စတော့မြို့၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယသမ္မတနှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---


## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| ရုံးချုပ်(နေပြည်တော်) | - | ၀၆၇-၃၄၀၅၀၉၉ |
| နေပြည်တော်ရုံး | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| တိုင်းဒေသကြီးရုံး(ရန်ကုန်) | - | ၀၉-၉၅၄၉၂၀၀၀ |
| တိုင်းဒေသကြီးရုံး(မန္တလေး) | - | ၀၉-၄၃၀၉၆၉၈၀ |

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ရေဘေးသင့်ပြည်သူများ စိုက်ပျိုးသီးနှံများ အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိ

**ပုသိမ် စက်တင်ဘာ ၁**

ဧရာဝတီတိုင်း ဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းပါက ရေဘေးသင့်ပြည်သူများ စိုက်ပျိုးသီးနှံများ အချိန်မီပြန်လည် ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိပြီး လိုအပ်သည့်မျိုးစေ့၊ သွင်းအားစုများကိုလည်း အသင့်စုဆောင်းထားရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့ မွန်းလွဲပိုင်းက လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ရေကျဆင်းပါက ပျက်စီးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် အိုင်သပြုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ရေဘေးသင့် ပြည်သူများအတွက် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ရေကျော်စီးဝင်မှုကြောင့် ပျက်စီးခဲ့သည့် အိုင်သပြုနယ်မြေရဲစခန်းဝင်း ခြံစည်းရိုးနှင့် အဝင်လမ်းများ ပြန်လည်ပြုပြင်သွားမည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အလားတူ အိုင်သပြုတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ အမှတ်(၃)ရပ်ကွက် ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

ယနေ့နံနက်ပိုင်းကလည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာတွင် ဘိုကလေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် မြို့သူမြို့သားများ၏ အလှူငွေကျပ် သိန်း ၁၅၀ ကိုလည်းကောင်း၊ Horizon Telecom International ၏ အလှူငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






မစွမ်းသီရိစံ




မောင်မင်းခန့်ကို




ဒေါက်တာချစ်စိန်




ဦးကိုကိုကျော်

❑ **ရထားခရီးစဉ်မှ**

ယနေ့စတင်ပြေးဆွဲသည့် ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားခရီးစဉ်တွင် ခရီးသွားပြည်သူများနှင့် ဒဂုံတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ သွားလာရေးပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ပြီး ရထားစီးနင်းမှုများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန် - တိုးကြောင်ကလေး - ဒဂုံတက္ကသိုလ်ရထားခရီးစဉ်ကို လိုက်ပါစီးနင်းခဲ့ကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်-

**မစွမ်းသီရိစံ**
**ပထမနှစ် စီးပွားရေးဆိုင်ရာသတင်းအချက်အလက်နည်းပညာကျောင်းသူ**

"အရင်ကတော့ ကျောင်းကို ဖယ်ရီနဲ့သွားတာပါ။ ဆီဈေးနှုန်း အခြေအနေကြောင့် ဖယ်ရီခက တဖြည်းဖြည်းနဲ့ ဈေးတက်လာတယ်။ အခု ရထားက ဈေးနှုန်းလဲ သက်သာတယ်၊ မြန်မြန်လဲ ရောက်တယ်။ အဲ့ဒါကြောင့်မို့ ရထားနဲ့ပဲ သွားဖို့ဆုံးဖြတ်ထားတယ်။ ဒီလို ရထားပြေးဆွဲနိုင်အောင် သေချာပြင်ဆင်ပြီး ဆောင်ရွက်ပေးတဲ့အတွက် အခုလို ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းလာရတာ အဆင်ပြေအောင် ပြေးဆွဲပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"ဟု ပြောသည်။

**မောင်မင်းခန့်ကို**
**မဟာအရည်အချင်းစစ်သင်တန်း ကွန်ပျူတာသိပ္ပံ ဒဂုံတက္ကသိုလ်**

"ကျွန်တော်က နေ့စဉ် ဘတ်စကားနဲ့ ကျောင်းလာတာပါ။ ဒဂုံတက္ကသိုလ်က အသွားအလာများတဲ့အတွက် ဘတ်စကားနည်းနည်းကျပ်တယ်။ အခု ရထားပြေးဆွဲလိုက်ပြီဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ ဘတ်စကားနဲ့ သွားချင်တဲ့သူက သွားလို့ရသလို ရထားနဲ့ ချောင်ချောင်ချိချိသွားလို့ရတယ်။ ရထားစီးရတာ အဆင်ပြေပါတယ်။ လက်မှတ်ကတော့ ၅၀၀ ကျပ်နှုန်းနဲ့ ရထားလက်မှတ်ဖြတ်တဲ့နေရာမှာဝယ်ခဲ့တာပါ။ အချိန်တွေအများကြီးသက်သာသွားတဲ့အတွက် သက်ရောက်မှုရှိတယ်။ ပိုပြီးတော့ သက်သက်သာသာ ချောင်ချောင်ချိချိနဲ့ သွားလာလို့ရတဲ့အတွက် ရထားပြေးဆွဲပေးတဲ့အပေါ် ဝမ်းသာမိတယ်"ဟု ပြောသည်။

**ဒေါက်တာချစ်စိန်**
**ပါမောက္ခချုပ် ဒဂုံတက္ကသိုလ်**

"အင်မတန်မှကောင်းမွန်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေဟာ YBS ကိုသာ အားကိုးပြီး နေ့စဉ်နေ့တိုင်း ကျောင်းအတက်အဆင်းကို ဆောင်ရွက်နေရာကနေ အခုလို မြန်မာ့မီးရထားက အချိန်မှန်စွာ ပြန်လည်ပြေးဆွဲပေးတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေ၊ ကျွန်တော်တို့ ဆရာ၊ ဆရာမတွေ ဝမ်းသာကျေနပ်ကြပါတယ်။ အခုထိတော့ ကျွန်တော်တို့ ဒဂုံတက္ကသိုလ်မှာ နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူအနေနဲ့ ၅၇၇၀ ရှိပြီး အဝေးသင် ကျောင်းသား၊ ကျောင်းသူအနေနဲ့တော့ ၃၅၀၀၀ ကျော်ရှိပါတယ်။ နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူတွေ စက်တင်ဘာလမှာ စာမေးပွဲရှိတယ်။ အခုလို မီးရထားပြေးဆွဲပေးတဲ့အတွက် စာမေးပွဲလာရောက်ဖြေဆိုမှုအတွက် သွားရလာရတာ ပိုပြီးအဆင်ပြေသွားပါတယ်။ တကယ်လို့များ ကျောင်းသား၊ ကျောင်းသူတွေ ပိုပြီးစီးနင်းလာရင် မီးရထားအနေနဲ့ ထပ်မံတိုးချဲ့ပြေးဆွဲပေးပါလို့လဲ ကျွန်တော်က မေတ္တာရပ်ခံပါတယ်"ဟု ပြောသည်။

**ဦးကိုကိုကျော် (တိုင်းမန်နေဂျာ)**
**တိုင်းအမှတ် (၇) မြန်မာ့မီးရထား**

"မြန်မာ့မီးရထားအနေနဲ့ လက်ရှိ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင် DEMU ရထားခရီးစဉ်တွေ ပြေးဆွဲလျက်ရှိပြီး ဒဂုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဆရာ၊ ဆရာမတွေ ခရီးသွားလာမှုအဆင်ပြေစေဖို့အတွက် ဒဂုံတက္ကသိုလ်ရထားခရီးစဉ်ကို ပြန်လည်ပြေးဆွဲပေးခြင်းဖြစ်ပါတယ်။ ဒဂုံတက္ကသိုလ်ကို ပြေးဆွဲတဲ့အချိန်က အစောဆုံးရထားက နံနက် ၆ နာရီ ၁၅ မိနစ်ထွက်ပါမယ်။ ဒုတိယရထားက နံနက် ၇ နာရီ ၄၅ မိနစ် ထွက်ပါမယ်။ တွဲဆိုင်းနှစ်ဆိုင်းနဲ့ ကျွန်တော်တို့ အသွားအပြန် ၁၂ ခေါက်ပြေးဆွဲမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြေးဆွဲပေးတဲ့ တွဲဆိုင်းတွေက BEL (Battery Electric Locomotive) ဆိုတဲ့ ဘက်ထရီစက်ခေါင်းနဲ့ ပြေးဆွဲပေးတာဖြစ်ပါတယ်။ အဲ့ဒီမှာ တွဲ ခြောက်တွဲပါပြီး တစ်တွဲမှာ ခရီးသည် ၆၂ ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ၄၀၀ နီးပါး လိုက်ပါစီးနင်းနိုင်ပါတယ်။ ရပ်တန့်မယ့် ဘူတာတွေကတော့ ရန်ကုန်ဘူတာကြီးက စထွက်လာမယ်ဆို ပုဇွန်တောင်၊ မလွကုန်း၊ နှင်းဆီကုန်း၊ သဃ်္ဃန်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေး၊ ဒဂုံတက္ကသိုလ်တို့ဖြစ်ပါတယ်။ လက်မှတ်ခနှုန်းထားတွေကတော့ ဘယ်ဘူတာကိုပဲစီးစီး ၅၀၀ ကျပ်ပါ။ မြန်မာ့မီးရထားကနေ ဒဂုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဆရာ၊ ဆရာမတွေ အဆင်ပြေအောင် BEL ဘက်ထရီစက်ခေါင်းနဲ့ ပြေးဆွဲပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရထားလိုက်ပါ စီးနင်းအားပေးကြပါ။ စီးနင်းတဲ့အခါမှာ ရထားပေါ်မှာ စည်းကမ်းရှိရှိ စီးနင်းခြင်းအားဖြင့် ကူညီပေးကြပါလို့ တိုက်တွန်းအကြံပြုချင်ပါတယ်"ဟု ပြောသည်။

**ကျော်စိုးဝင်း**

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး



**ကလေး စက်တင်ဘာ ၁**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးရန် လိုအပ်သည့် အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် ကလေးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးသည်။

ချင်းပြည်နယ်အတွင်း ဖလမ်း၊တီးတိန်၊ တွန်းဇံမြို့တို့ရှိ Mobile ဆက်သွယ်ရေးစခန်း သုံးခုအတွက် Mobile ဆက်သွယ်ရေးသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့်ပို့ဆောင်ခဲ့ရာ ယမန်နေ့က ကလေးမြို့သို့ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များကို ဆက်လက်ပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

## ❖ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ



အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက်(ယနေ့)** မွန်းလွဲ ၂ နာရီတွင် ပိုက်ကျော်ခြင်း အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ညနေ ၃ နာရီတွင် ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အဖြစ် **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ■ လေဖိအားနည်းရပ်ဝန်းမှ

အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# သံလွင်၊ စစ်တောင်း၊ ရွှေကျင်၊ ဘီးလင်း မြစ်ရေအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၇ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၇ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

## ❍ ပေါင်းလောင်းရေလှောင်တမံမှ

ထို့ပြင် ရေလှောင်တမံသည် မူလကန်ရေပြည့်ရေလှောင်ပမာဏ ၅ ဒသမ ၄၉ သိန်း ဧကပေရှိပြီး ရေပိုလွှဲတွင် ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED)ရေတံခါးရွက် ၂၀ တပ်ဆင်၍ ရေလှောင်ပမာဏ ဧကပေ ၂၁၀၀၀ ခန့် ပိုမိုသိုလှောင်နိုင်ခြင်းကြောင့် နှစ်စဉ်ရေအားလျှပ်စစ်ယူနစ် ရှစ်သန်း ပိုမိုထုတ်လုပ်ကာ စုစုပေါင်း ရေအားလျှပ်စစ်ယူနစ် ၉၁၉ သန်း ထုတ်လုပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အောက်ပေါင်းလောင်း ရေလှောင်တမံသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သွားရောက်၍ တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို တမံလုံခြုံရေးနှင့် တမံဘေးကင်းလုံခြုံမှု အချက်ပြအလံလွှင့်ထူမှုစနစ်ဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

အောက်ပေါင်းလောင်းရေလှောင်တမံအနေဖြင့် တည်ဆောက်အသုံးပြုခဲ့သည့် ၂၁ နှစ်တာ ကာလအတွင်း ရေပိုလွှဲမှ ၁၈ ကြိမ် ရေကျော်စီးဆင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေပိုလွှဲမှ အမြင့် ၁၁ ပေကျော်ထိ ရေကျော်စီးဆင်းခဲ့ပြီး ဒေသတွင်းရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရသော်လည်း လက်ရှိအခြေအနေအရ ဒေသ၏ဘေးကင်းလုံခြုံမှုနှင့် ရေကြီးရေလျှံမှုအတွက် စိုးရိမ်ဖွယ်မရှိကြောင်းနှင့် ရေသိုလှောင်ပမာဏများပြားသော တမံများ၏ အခြေအနေကို သက်ဆိုင်ရာ ဒေသအသီးသီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လူမှုမီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ● ဖမ်းဆီးရမိမှ

သတင်းအရ ပင်လောင်းမြို့နယ် လိန်းလီရွာအနီးတွင် ပုသိမ်ကြီးမြို့နယ် ကျောက်မီးရွာနေ ဇော်ဇော်အောင် ၅၅ နှစ် မောင်းနှင်ပြီး မဟာအောင်မြေမြို့နယ် ဇော်မင်းရပ်ကွက်နေ ပိုင်သူကျော် ခေါ် ပိုင်သူ ၃၁ နှစ် လိုက်ပါလာသော NISSAN DUMP အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၃၄ ဒသမ ၄ သိန်း (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံ) ဖမ်းဆီးရမိသဖြင့် ဇော်ဇော်အောင်၊ ပိုင်သူကျော် ခေါ် ပိုင်သူတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် စံပါယ်မာဃလမ်းအတိုင်း လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၅၅)ရပ်ကွက်နေ အောင်မျိုးမင်း ခေါ် ကိုမျိုး ၃၈ နှစ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၅၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀၀) ဖမ်းဆီးရမိသဖြင့် အောင်မျိုးမင်း ခေါ် ကိုမျိုးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# တရားမမှု ရာဇဝတ်မှု သိမှတ်ဖွယ်ရာစီရင်ထုံး

စိန်လှိုင်ဗိုလ်



ရာဇဝတ်မှုခင်းများတွင် မိမိကိုယ်ကိုကာကွယ်ပိုင်ခွင့်နှင့်ပတ်သက်၍ ယခင်ကလည်း ရေးသားခဲ့ဖူးသည်။ ယခုတစ်ဖန် ကာကွယ်ခုခံပိုင်ခွင့်နှင့်ပတ်သက်၍ အောက်ရုံးများ၏စီရင်ချက်ကို အဆင့်မြင့်တရားရုံးတော်က အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါမည်။

စိစစ်ဝေဖန်သုံးသပ်ဆုံးဖြတ် ပြုပြင်ခဲ့သည့် မောင်ဟန်အေးဆိုသူက မောင်တင်ဝင်းဆိုသူကို မီးဆိုက်သည့်ထင်းချောင်းဖြင့် ရိုက်သောကြောင့် မောင်တင်ဝင်း သေဆုံးရသည်။ ထို့ကြောင့် မောင်ဟန်အေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲဆိုတင်ပို့ရာ ပေါင်းတည်မြို့နယ်တရားရုံးက ၎င်းဥပဒေပုဒ်မ ၃၀၄ အရ စစ်ဆေးကြားနာပြီး မောင်ဟန်အေးကို အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်။ ၎င်းအမိန့်ကို နိုင်ငံတော်ကိုယ်စား ဗဟိုဥပဒေရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံဝင်ရောက်ခဲ့သည်။

**ဗဟိုတရားရုံး၏စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မောင်ဟန်အေးက မောင်တင်ဝင်းကို ထင်းချောင်းဖြင့်ရိုက်သောကြောင့် မောင်တင်ဝင်း သေဆုံးရကြောင်းအငြင်းမပွားချေ။ အချင်းဖြစ်ပွားသောနေ့က ဘုန်းကြီးကျောင်းတွင် အလှူရှိသောကြောင့် မောင်ဟန်အေးသည် ရေနွေးအိုးတည်နေစဉ် မောင်တင်ဝင်းက လက်သီးနှင့်ထိုးသောကြောင့် လဲကျသွားသည်။ ထိုအခါတွင် မောင်ဟန်အေးက မီးဆိုက်သည့်ထင်းချောင်းကိုယူ၍ မောင်တင်ဝင်းကို ရိုက်လိုက်ခြင်းဖြစ်သည်။ မောင်တင်ဝင်းသည် အချင်းဖြစ်ပွားပြီးနောက် ငါးရက်ခန့်အကြာတွင် သေဆုံးသည်။ ဆရာဝန်က မောင်တင်ဝင်း၏ ချိုစောင်းတွင်ရရှိသောဒဏ်ရာမှာ သေလောက်သည့်ဒဏ်ရာဖြစ်ကြောင်းထွက်ဆိုသည်ကို စိစစ်ခဲ့သည်။

မြို့နယ်တရားရုံးက မောင်ဟန်အေးကို အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မောင်ဟန်အေးသည် မိမိအသက်ဘေးအန္တရာယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆ အရ ပြစ်မှုမမြောက်ဟူ၍ဖြစ်သည်။ ထို့ကြောင့် မိမိကို လက်သီးနှင့်ထိုးသူတစ်ဦးကို သေဆုံးသည်ထိ ပြုမူခြင်းသည် ခုခံကာကွယ်ပိုင်ခွင့်အရ ပြုမူခြင်း မှန်၊ မမှန်ကို ရုံးတော်က စိစစ်ခဲ့သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ တွင် မိမိကိုယ်ကို ခုခံကာကွယ်ရာ၌ မည်သည့်အခါ လူသေစေရန်ထိ ပြုနိုင်ကြောင်း ဖော်ပြထားသည်။ ၎င်းဖော်ပြချက်များအနက် ပထမအချက်မှာ ကာကွယ်ခုခံခြင်းမပြုလျှင် သေဘေးသို့ရောက်စေရန် စိုးရိမ်ဖွယ်ဖြစ်စေသောအကြောင်းရှိခြင်းနှင့် ဒုတိယအချက်မှာ ကာကွယ်ခုခံခြင်းမပြုလျှင် အပြင်းအထန်နာကျင်စေရန် စိုးရိမ်ဖွယ်အကြောင်းရှိခြင်းဖြစ်ကြောင်း ရုံးတော်က ထောက်ရှုခဲ့သည်။

အယူခံတရားခံ မောင်ဟန်အေးနှင့် သေဆုံးသူ မောင်တင်ဝင်းတို့မှာ လူငယ်များဖြစ်ကြ၍ အချင်းဖြစ်ပွားသောအချိန်မှာ ဘုန်းကြီးကျောင်းတွင် အလှူလုပ်နေစဉ်ဖြစ်သည်။ မောင်တင်ဝင်းသည် မောင်ဟန်အေးကို လက်သီးနှင့်ထိုးပြီးနောက် မောင်ဟန်အေးကို အသက်သေဆုံးသည်ထိ သို့မဟုတ် ပြင်းထန်စွာဒဏ်ရာရရှိစေသည်ထိ ပြုမူလိမ့်မည်ဟု စိုးရိမ်ဖွယ်ရာအချက်များ မပေါ်ပေါက်ကြောင်း အယူခံရုံးတော်ကသုံးသပ်ခဲ့သည်။ လက်သီးနှင့်ထိုးသောသူတစ်ယောက်ကို ထင်းချောင်းဖြင့် ပြန်ရိုက်ခြင်းမှာလည်း လိုအပ်သောခုခံကာကွယ်ပိုင်ခွင့်ထက် ပိုမိုလျက်ရှိသည်ဟု ဆိုရပေမည်။ ထို့ကြောင့် မောင်ဟန်အေးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ လူသေမှုကျူးလွန်ကြောင်း ထင်ရှားသည်ဟု အယူခံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ထို့ကြောင့် မောင်ဟန်အေးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ လူသေမှုကျူးလွန်ကြောင်း ထင်ရှားသည်။ ၎င်းဥပဒေအရ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည်ဖြစ်သော်လည်း မောင်ဟန်အေးမှာ အသက်ငယ်ရွယ်သူတစ်ယောက်ဖြစ်ကြောင်း ရုံးတော်က စဉ်းစားခဲ့သည်။ ရုံးရှေ့တွင် မောင်ဟန်အေး၏ အစစ်ခံချက်၌ အသက် ၁၇ နှစ်ရှိကြောင်း ဖော်ပြထားသည်။ ၁၉၇၄ ခုနှစ် မေလတွင် အစစ်ခံခြင်းဖြစ်သောကြောင့် ယခုအချိန်တွင် မောင်ဟန်အေးသည် အသက် ၁၉ နှစ်ကျော်မျှသာ ရှိပေလိမ့်မည်။ အသက်ငယ်ရွယ်သူဖြစ်သောကြောင့် အပြစ်ဒဏ်နှင့်ပတ်သက်၍ သက်ညှာစွာစဉ်းစားရမည်ဖြစ်သော်လည်း လူတစ်ဦးတစ်ယောက်၏အသက်ကို သေစေသည်ထိ ပြစ်မှုကျူးလွန်ခဲ့သူတစ်ဦးဖြစ်ကြောင်းလည်း ပူးတွဲစဉ်းစားခဲ့သည်။

အယူခံတရားခံ မောင်ဟန်အေးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ အောက်ရုံးက တရားခံအပေါ် လွှတ်လိုက်သော်လည်း ဗဟိုတရားရုံးကကျိုးကြောင်းဆီလျော်စွာဆင်ခြင်သုံးသပ်၍ အမိန့်ချမှတ်လိုက်ခြင်းကို သိရှိနိုင်ကြစေရန်ဖြစ်သည်။ **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် မောင်ဟန်အေး ၁၉၇၅ ခုနှစ်ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်(၆)**ကို ရည်ညွှန်းကိုးကားရေးသားတင်ပြခြင်းဖြစ်ပါသည်။

ရာဇဝတ်မှုတစ်ခု၏ . သိမှတ်ဖွယ်ရာအကြောင်းကို ရေးသားတင်ပြပြီးနောက် တရားမမှုတစ်ခု၏ သိမှတ်ဖွယ်ရာအကြောင်းကို ရေးသားတင်ပြပါဦးမည်။ အမှုမှာ ဦးပုလေးဆိုသူက ဒေါ်ချစ်အပေါ်တွင် လင်မယားကွာရှင်းလိုမှုကို တွံတေးမြို့နယ်တရားရုံးတွင် တရားစွဲဆိုရာ အမှုကို ပလပ်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရန် ဝင်ရောက်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိ၍ ဦးပုလေးက ဗဟိုတရားရုံးသို့ ဒုတိယအကြိမ်အယူခံဝင်ရောက်ခဲ့ပါသည်။

**ဗဟိုတရားရုံး၏စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရန်ကုန်တိုင်းတရားရုံးက ကာလစည်းကမ်းသတ်အပေါ်တွင်အခြေပြု၍ ဦးပုလေး၏အယူခံကို ပလပ်ခြင်းနှင့်ပတ်သက်၍ ရှေးဦးစွာစဉ်းစားခဲ့သည်။ တိုင်းတရားရုံးသို့ ဦးပုလေး၏အယူခံလွှာကို တင်သွင်းသောအခါတွင် မြို့နယ်တရားရုံး၏ ဒီကရီမိတ္တူပူးတွဲပါရှိခြင်းမရှိပေ။ ၎င်းဒီကရီမိတ္တူကို နောက်မှတင်သွင်းခဲ့သည်။ ထိုသို့တင်သွင်းချိန်တွင် ကာလစည်းကမ်းသတ်ကျော်လွန်လျက်ရှိပြီဖြစ်သည်။ အယူခံမှုတင်သွင်းသောအခါတွင် မူလရုံး၏ ဒီကရီမိတ္တူကို ပူးတွဲတင်သွင်းရန်လိုအပ်ကြောင်း မှန်ပေသည်။ သို့သော် တစ်ခါတစ်ရံ မလွှဲမရှောင်သာသောအကြောင်းရှိ၍ အယူခံလွှာကို အချိန်မီတင်သွင်းပြီး ဒီကရီမိတ္တူကို နောက်မှတင်သွင်းခွင့်ပြုရန် တောင်းဆိုလေ့ရှိသည်။ ဤကဲ့သို့ အယူခံလွှာကိုလက်ခံထားပြီး ဒီကရီမိတ္တူကို နောက်မှတင်သွင်းရန်ခွင့်ပြုလျှင် ၎င်းဒီကရီကို ကာလစည်းကမ်းသတ်နေ့ရက်ကျော်လွန်ပြီးမှ တင်သွင်းသော်လည်း အယူခံကို ကာလစည်းကမ်းသတ်အတွင်းတင်သွင်းသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အယူခံရုံးတော်က စိစစ်သုံးသပ်၍ အမှုအကြောင်းအရာနှင့်ပတ်သက်၍သာ ဆက်လက်စဉ်းစားဝေဖန်ခဲ့ပါသည်။

၁၉၄၉–၁၉၅၀ ခုနှစ်ခန့်တွင် ဒေါ်ချစ်သည် တွံတေးမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး ဦးပုလေးနှင့် တစ်အိမ်ထဲမှာပင် နှစ် ၂၀ ခန့် အတူတကွနေထိုင်ကြသည်။ ဦးပုလေး ထိုသို့နေထိုင်ခြင်းမှာ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြောင်း အဆိုပြုသည်။ ဒေါ်ချစ်က မည်သို့မျှပတ်သက်ခြင်းမရှိဘဲ မိမိထက်အသက်များစွာကြီးသော ဦးပုလေးကို ရိုသေလေးစားသောအားဖြင့် ပြုစုနေထိုင်ခဲ့ကြောင်း အဆိုပြုသည်။ ဦးပြုလေးနှင့် ဒေါ်ချစ်တို့သည် အနှစ် ၂၀ ခန့် တစ်အိမ်ထဲအတူတကွနေထိုင်ရာတွင် အိမ်နီးနားချင်းများအပြောအဆိုမလွတ်သည့်အနေအထိုင်မျိုး ရှိနိုင်ပေသည်။ သို့ရာတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခြင်းဆိုသည်မှာ တရားဝင်လင်မယား အထင်အရှားနေထိုင်ပေါင်းသင်းခြင်းကို ဆိုလိုသည်။ တိတ်တဆိတ် ပေါင်းသင်းစပ်ယှက်မှုမျိုးမဟုတ်ပေ။ အိမ်နီးချင်းတို့က အတင်းပြောဆိုခြင်းခံရကာမျှနှင့် လင်မယားအဖြစ်ရောက်ရှိသည်ဟုမဆိုနိုင်ကြောင်း အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ဦးပုလေးနှင့် ဒေါ်ချစ်တို့သည် တရားဝင်လင်မယားအဖြစ် မိတ်ဆွေသင်္ဂဟများကို ဧည့်ခံကျွေးမွေးခြင်း၊ သာရေးနာရေးအစရှိသည်များသို့ လင်မယားအဖြစ် အတူတကွသွားရောက်ခြင်း စသောအချက်အလက်များ အမှုတွင်မပေါ်ပေါက်ချေ။ မြန်မာ့ဓလေ့ထုံးတမ်းအရ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်မှုဆိုရာ၌ အကြင်လင်မယားအဖြစ် လူသိထင်ရှားပေါင်းသင်းဆက်ဆံမှု အထင်အရှားဖြစ်ရန် လိုပေသည်။ အိမ်တစ်ဆောင် မီးတစ်ပြောင်ဖြင့် အထင်အရှား လူသိရှင်ကြား အတူတကွနေထိုင်ပေါင်းသင်းသည့်လင်မယားတို့၏ ပေါင်းသင်းမှုကိုသာ "လင်မယားအဖြစ်ပေါင်းသင်းနေထိုင်မှု"ရှိသည်ဟု ဆိုရပေမည်။

ဦးပုလေးနှင့် ဒေါ်ချစ်တို့နေထိုင်ရာတွင် ဆွမ်းလောင်းအသင်းစာရင်းရှင်းတမ်းတွင် ဒေါ်ချစ်တစ်ဦးတည်း၏အမည်သာပါရှိခြင်း၊ ဒေါ်ချစ်တစ်ဦးတည်း၏အမည်နှင့် ဖိတ်ကြားသောဖိတ်စာများသာရှိနေခြင်း တွံတေးမြို့၏ ရွှေဆံတော်ဘုရား တန်ဆောင်းဆောက်၍ ကမ္ဗည်းထိုးလှူရာတွင် ဒေါ်ချစ်အမည်နှင့် အစ်ကိုကစ္စနားဆိုသည့်အမည်သာပါရှိပြီး ဦးပုလေး၏အမည်မပါရှိခြင်း အစရှိသော သက်သေခံအထောက်အထားများကိုရည်ညွှန်းလျှင် ဦးပုလေးနှင့် ဒေါ်ချစ်တို့သည် လင်မယားအရာမြောက်နေထိုင်ခဲ့ကြသည်ဟုမဆိုနိုင်ပေ။ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိသဖြင့် အယူခံမှုကို ဗဟိုတရားရုံးက ပယ်လိုက်ပါသည်။

မြန်မာ့ဓလေ့ထုံးတမ်းအိမ်ထောင်ခန်းနှင့်ပတ်သက်၍ သိရှိနိုင်ကြစေရန် **ဦးပုလေးနှင့် ဒေါ်ချစ် ၁၉၇၄ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်(၃၂)** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**❖ အယူခံတရားခံ မောင်ဟန်အေးနှင့် သေဆုံးသူ မောင်တင်ဝင်းတို့မှာ လူငယ်များဖြစ်ကြ၍ အချင်းဖြစ်ပွားသောအချိန်မှာ ဘုန်းကြီးကျောင်းတွင် အလှူလုပ်နေစဉ်ဖြစ်သည်။ မောင်တင်ဝင်းသည် မောင်ဟန်အေးကို လက်သီးနှင့်ထိုးပြီးနောက် မောင်ဟန်အေးကို အသက်သေဆုံးသည်ထိ သို့မဟုတ် ပြင်းထန်စွာဒဏ်ရာရရှိစေသည်ထိပြုမူလိမ့်မည်ဟု စိုးရိမ်ဖွယ်ရာအချက်များ မပေါ်ပေါက်ကြောင်း အယူခံရုံးတော်က သုံးသပ်ခဲ့သည်။ လက်သီးနှင့်ထိုးသောသူတစ်ယောက်ကို ထင်းချောင်းဖြင့် ပြန်ရိုက်ခြင်းမှာလည်း လိုအပ်သောခုခံကာကွယ်ပိုင်ခွင့်ထက် ပိုမိုလျက်ရှိသည်ဟု ဆိုရပေမည်။ ❖**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဒီပဲယင်း စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၉ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ဧက ၈၀၀၀ ကျော် စိုက်ပျိုးနိုင်ဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မာရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာရှည်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက်လိုအပ်သော အရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် မွေးမြူရေး ဒေသအသားတိုးနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရွာရှည်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဇီဇဝါအဖွဲ့၊ နှင်းဆီအဖွဲ့၊ ခွာညိုအဖွဲ့နှင့် ခတ္တာအဖွဲ့ လေးဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဒေသအသားတိုးနွား မွေးမြူရာတွင် သတ်မှတ်အကောင်ရေပြည့်မီခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နေသည့် ဇီဇဝါအဖွဲ့၊ နှင်းဆီအဖွဲ့၊ ခွာညိုအဖွဲ့နှင့် ခတ္တာအဖွဲ့ စုစုပေါင်း အဖွဲ့လေးဖွဲ့ကို RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**






Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)




အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


## ဖခင်အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အလက မြို့မ Grade-8 တွင် ပညာသင်ကြားနေသော မပိုပိုချစ်၏ဖခင်အမည်မှန်မှာ **ဦးထက်မောက်သူ** ဖြစ်ပါကြောင်း။

**ဦးထက်မောက်သူ(၅/ဝလန(နိုင်)၁၅၁၂၂၁)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊အခြေခံပညာအထက်တန်းကျောင်း၊ကူမဲ Grade-11 တွင် ပညာသင်ကြားနေသော မအေးစုဝေ၏ ဖခင်အမည်မှန်မှာ **ဦးဇော်ဇော်ထက် (ခ) ဦးအောင်ဇော်မိုး** မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ထက် (ခ) ဦးအောင်ဇော်မိုး**
**(၉/မသန(နိုင်)၁၁၆၂၇၂)**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၃၈/က)၊ ပြောင်းပြာကျွန်း၊ ဦးပိုင်အမှတ်(၃၀/ခ)၊ ဦးအောင်အောင်အမည်ပေါက် (အလျား ၂၅'-၀"x အနံ ၄၀'-၀") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးဇော်မျိုးအောင်(၈/ရစက(နိုင်)၁၁၉၃၃၆) ကိုင်ဆောင်သူမှ (အလျား ၂၀'-၀"x အနံ ၁၆'-၀")၊ RC တစ်ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ)ဦးမျိုးဇော်ပို၏သမီး မစုလဲ့တွယ်တာအား **မဆုလဲ့တွယ်တာ** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုလဲ့တွယ်တာ(၅/မရန(နိုင်)၃၈၆၁၇၈)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ MIA-2 ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မဂျူးဂျူးထက်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးဝေဖြိုးအောင်** ဖြစ်ပါကြောင်း။ **ဦးဝေဖြိုးအောင်(၅/ရဥန(နိုင်)၀၇၀၃၁၁)**

## ပျောက်ဆုံးကြောင်း

ဝမ်းတွင်းမြို့နယ်၊ ရှောက်တောရွာနေ မောင်ရန်မျိုးအောင် (ဘ) ဦးမောင်လွင်၊ (၉/ဝတန(နိုင်)၂၂၆၆၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်-MC-056621 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-975922846.**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/ခ)၊ ဦးပိုင်အမှတ်(၈၂)၊ ဦးပြေကျော်အမည်ပေါက် (အလျား ၂၇'-၀" x အနံ ၅၀'-၀") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးပြေကျော်(၉/မခန(နိုင်)၁၆၉၄၄၃)ကိုင်ဆောင်သူမှ (အလျား ၂၀'-၀"x အနံ ၃၀'-၀") RC တစ်ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ ရွာတောင်ရပ်၊ မီးရထားရပ်ကွက်နေ ဦးဝဏ္ဏ (ဘ) ဦးစိန်တင် (၁၂/လမန(နိုင်)၁၃၈၄၇၄) ကိုင်ဆောင်သူနှင့် ဒေါ်စုစုလှိုင်(၉/မခန(နိုင်)၁၈၅၂၈၉)တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၂၀၁၆ ခုနှစ်က တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ၅-၅-၂၀၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်တရားရုံးတော်၌ တရားသူကြီးနှင့် အသိသက်သေများရှေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ကွာရှင်းပြတ်စဲပြီးစီးသည့်အချိန်မှစ၍ တစ်ဦးနှင့် တစ်ဦးတို့သည် စီးပွားရေး၊ လူမှုရေးအလုံးစုံကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့သောကြောင့် ဒေါ်စုစုလှိုင်နှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို ဦးဝဏ္ဏမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝဏ္ဏ
(၁၂/လမန(နိုင်)၁၃၈၄၇၄)
စစ်ကိုင်းမြို့၊ မီးရထားရပ်ကွက်။

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ချီးမြှင့်




**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ မတိမ်ကော၊ မပပျောက်စေရန်နှင့် မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ အကောင်းဆုံးတံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံးတံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

## 2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(K)ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁**

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် ဘရူနိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (A)၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ

စာမျက်နှာ ၂၈ ကော်လံ ၁ ❖



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁**

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်**(ယနေ့)** မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပင်လောင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံတန်ဖိုးနှင့် ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



ဇော်ဇော်အောင်၊ ပိုင်သူကျော် ခေါ် ပိုင်သူတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

ပင်လောင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံတန်ဖိုးနှင့် ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိတရားခံများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင်

စာမျက်နှာ ၂၈ ကော်လံ ၄ ●

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်း-ဂျက်ခမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော

စာမျက်နှာ ၂၈ ကော်လံ ၁ ■